# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝါဒ(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၁၃ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၅၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီမတီ ဒရောပါဒီ မာမူ ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာကို အိန္ဒိယသမ္မတနိုင်ငံသမ္မတ ရှရီမတီ ဒရောပါဒီ မာမူ ထံသို့ ပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❊

## အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာကို အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ထံသို့ ပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၄* ❊



## ဖြူးမြို့နယ်၌ မိုးစပါးစိုက်ဧက ၁၅၁၀၅၃ ဧက လျာထားပြီး ၄၉၉၀၉ ဧက စိုက်ပျိုးပြီးစီး

ဖြူး ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်၌ ၂၀၂၅ခုနှစ်၊ မိုးစပါးစိုက်ပျိုးရန် ၁၅၁၀၅၃ ဧက လျာထားပြီး လျာထားစိုက်ဧကပြည့်မီရေး ဆောင်ရွက်လျက်ရှိရာ ၄၉၉၀၉ ဧက စိုက်ပျိုးထားပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့မှ သိရသည်။

မိုးစပါးအနေဖြင့် ဖြူးမြို့နယ်အတွင်း ဒေသနှင့်ကိုက်ညီသည့် အဓိကစိုက်ပျိုးသောမျိုးများဖြစ်သည့် ဆင်းသုခ ၁၀၂၈၀၄ ဧက၊ ရက် ၉၀ မျိုး ၂၂၅၇ ဧက၊ ရတနာသိုးဧက ၃၆၅၀၊ နံ့ကောက် ၃၂၇၃၄ ဧက၊ YSR-1 ၁၂၇၁ ဧက၊ YSR-14 ၃၁၂၆ ဧက၊ YMR- 20 ၅၂၁၁ ဧက စုစုပေါင်း ၁၅၁၀၅၃ ဧကစိုက်ပျိုးရန် လျာထားပြီး စိုက်ပျိုးနည်းစနစ်များအရ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်း၊တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်း၊ဘောင်စနစ်ဖြင့်စိုက်ပျိုးနည်း၊ ရိုးရိုးစိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးလေ့ရှိကြောင်းနှင့် လက်ရှိကာလအတွင်း ၄၉၉၀၉ ဧက စိုက်ပျိုးထားပြီကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့ ဖတ် စ ရာ**

**မြေလျှော်အပြီး ပြန်လည်တည်ဆောက်ရေး**

ဆောင်းပါး | စာ ၆

**ကောင်းမှုတစ်ခု နေ့စဉ်ပြုပြီး သာယာလှပတဲ့ ပတ်ဝန်းကျင် ဖန်တီးကြမယ် . . .**

ဆောင်းပါး | စာ ၁၀

**အီရန် - အမေရိကန် (၆) ကြိမ်မြောက် ဆွေးနွေးပွဲ အိုမန်နိုင်ငံ၌ ပြုလုပ်မည်**

နိုင်ငံတကာသတင်း | စာ ၁၃

❊ *ရှေ့ဖုံးမှ*

အဆိုပါသဝဏ်လွှာတွင် အိန္ဒိယလေကြောင်းလိုင်း AI-171 သည် ၁၂-၆-၂၀၂၅ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ ပျက်ကျခဲ့ပြီး လူအများအပြား အသက်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည့်အတွက် များစွာဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်ကာလတွင် မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့်အိန္ဒိယပြည်သူများထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း၊ ယခုကဲ့သို့ ဆိုးရွားသည့် မတော်တဆဖြစ်စဉ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် ထိခိုက်ခံစားရသူအားလုံးအတွက် မိမိတို့က သတိရအောက်မေ့၍ ဆုမွန်ကောင်းများ ပို့သလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်တွင် မြန်မာနိုင်ငံက အိန္ဒိယသမ္မတနိုင်ငံနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက် ရှိပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

Chairman
State Administration Council
Republic of the Union of Myanmar

Dated, 12 June 2025

Excellency,

It is with great sorrow to learn of the tragic news of the crash of Air India flight AI-171 near Ahmedabad, India on 12 June 2025 which claimed the loss of many lives.

On behalf of the people of Myanmar and on my own behalf, I wish to express our deepest sympathies and condolences to Your Excellency and the people of India in this time of immense grief.

Our thoughts and prayers are with those who have lost loved ones, and we stand in solidarity with India.

Please accept, Excellency, the assurances of my highest consideration.

Senior General Min Aung Hlaing

Her Excellency Smt. Droupadi Murmu
President
Republic of India
New Delhi

❊ *ရှေ့ဖုံးမှ*

အဆိုပါ သဝဏ်လွှာတွင် အိန္ဒိယလေကြောင်းလိုင်း AI-171 သည် ၁၂-၆-၂၀၂၅ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ ပျက်ကျခဲ့ပြီး လူအများအပြား အသက်ဆုံးရှုံးခဲ့ရသည်ကို သိရှိရသည့်အတွက် များစွာဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်ကာလတွင် မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် အိန္ဒိယပြည်သူများထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်းကို ဖော်ပြအပ်ပါကြောင်း၊ ယခုကဲ့သို့ ဆိုးရွားသည့် မတော်တဆဖြစ်စဉ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် ထိခိုက်ခံစားရသူအားလုံးအတွက် မိမိတို့အနေဖြင့် သတိရအောက်မေ့၍ ဆုမွန်ကောင်းများ ပို့သလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်တွင် မြန်မာနိုင်ငံက အိန္ဒိယသမ္မတနိုင်ငံနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက် ရှိပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

Prime Minister
Republic of the Union of Myanmar

Dated, 12 June 2025

Excellency,

I was deeply saddened to learn of the tragic crash of Air India flight AI-171 near Ahmedabad, India on 12 June 2025, that resulted in massive loss of lives.

On behalf of the Government and people of Myanmar, and on my own behalf, I wish to extend my heartfelt condolences and deepest sympathies to Your Excellency, and the people of India during this time of great sorrow.

Our thoughts and prayers are with the victims, their families, and all those affected by this immense tragedy. Myanmar stands in solidarity with India in this moment of profound grief.

Please accept, Excellency, the assurances of my highest consideration.

Senior General Min Aung Hlaing

His Excellency Shri Narendra Modi
Prime Minister
Republic of India
New Delhi

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် ပုလဲရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဇွန် ၁၂**

၂၀၂၅ ခုနှစ် ဇွန် ၁၅ ရက်တွင် ကျရောက်မည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် ပုလဲရတုနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများ စုပေါင်း သွေးလှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အစည်းအဝေးခန်းမဆောင်(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး သွေးလှူဒါန်းကြမည့် ဝန်ထမ်းများအား သွေးပေါင်ချိန်တိုင်းစစ်ဆေးမှု၊ သွေးအမျိုးအစားခွဲခြားသတ်မှတ်မှုနှင့် သွေးအလှူရှင်အား နည်းပညာအသုံးပြုမှတ်တမ်းတင် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ခန်းမအတွင်း၌ သွေးလှူဒါန်းနိုင်ရေး စစ်ဆေးပြီးစီးသည့်ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားကြပြီး သွေးအလှူရှင်ဝန်ထမ်းများအား အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများကို ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ဆေးရုံတက်ရောက် ကုသမှုခံယူနေသည့်လူနာများအတွက် တစ်နေ့တာကျွေးမွေးစရိတ် ငွေကျပ် ၂၅ သိန်းနှင့် PPE ဝတ်စုံ ၃၆ စုံတို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



❖ *ရှေ့ဖုံးမှ*

ဖြူးမြို့နယ်အတွင်းယခင်နှစ် မိုးစပါကေ ၁၅၁၁၈၇ ဧက လျာထားစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်အတွက် လျာထားချက် ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး တောင်သူများအား စိုက်နည်းစနစ်နှင့် မြေဆီမြေသြဇာမှန်ကန်စွာ အသုံးပြုရန်၊ စပါးမျိုးကောင်းမျိုးသန့်များ သုံးစွဲစိုက်ပျိုး၍ စပါးအထွက်နှုန်းကောင်းရေး အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးနေကြောင်း မြို့နယ်စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့မှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

သစ်ပင်စိုက်မှ အရိပ်ရ၏။
ရိပ်ခိုနားနေ အပန်းဖြေ၏။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ရှိ ပုဂ္ဂလိကရုပ်သံရိုက်ကူးထုတ်လုပ်ရေးနှင့် ထုတ်လွှင့်ရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၁၂**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်မြို့ရှိ ပုဂ္ဂလိက ရုပ်သံလုပ်ငန်းများဖြစ်သည့် Forever Group ကုမ္ပဏီ၏ MRTV–4, Channel–7 နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Canal+ DTH, Media N ကုမ္ပဏီ၏ M Channel တို့ ရိုက်ကူးထုတ်လုပ်ရေးနှင့် ထုတ်လွှင့်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။






**ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေး**

ဦးစွာ ကမာရွတ်မြို့နယ်ရှိ Forever ကုမ္ပဏီနှင့် ပြည်ပကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Canal +DTH ရုံးသို့ ရောက်ရှိရာ CEO က Contant များ ကိုယ်တိုင်ထုတ်လုပ်မှုနှင့် ဝယ်ယူစုဆောင်းမှု၊ ယခုနှစ် ဇူလိုင်လမှစ၍ အင်္ဂလန် Premier League ဘောလုံးပွဲများ ဝယ်ယူ၍ တိုးချဲ့ထုတ်လွှင့်မည့် အစီအမံ၊ အုပ်ချုပ်မှုကိစ္စရပ်များနှင့် လုပ်ငန်းခွင်တွင် ကြုံတွေ့ရသည့်အခက်အခဲများအား ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ခွင့်ပြုထားရှိသည့် မီဒီယာကျင့်ဝတ်နှင့် သက်ဆိုင်ရာ ဥပဒေ၊ Update ညွှန်ကြားချက်များနှင့်အညီ ဂရုပြုလိုက်နာဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးသည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ် ရေကူးအသံလွှင့်ရုံဝင်းအတွင်းရှိ Forever ကုမ္ပဏီ၏ မီဒီယာလုပ်ငန်းခွင်သို့ ရောက်ရှိရာ ကုမ္ပဏီမှ တာဝန်ရှိသူများက မြေနေရာငှားရမ်း၍ စတူဒီယိုများ တည်ဆောက်ကာ MRTV–4 & Channel– 7 တို့ စီစဉ်ထုတ်လွှင့်မှု၊ အစီအစဉ်နှင့် ဇာတ်လမ်းတွဲများ ရိုက်ကူးတည်းဖြတ် ထုတ်လုပ်မှု၊ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ရေးယာဉ်များ အသုံးပြု၍ အားကစားပွဲများ သွားရောက်ရိုက်ကူးထုတ်လွှင့်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လိုက်လံပြသကြရာ ပြည်ထောင်စုဝန်ကြီးက ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယင်းရေကူးစက်ရုံဝင်းအတွင်းရှိ စတူဒီယိုအား ငှားရမ်းလုပ်ငန်း ဆောင်ရွက်နေသော Media N ကုမ္ပဏီ၏ M Channel ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စတူဒီယို အဆောက်အအုံကို ပြင်ဆင်မွမ်းမံ၍ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုနှင့် စတူဒီယို နှစ်ခုတွင် ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းခြင်း သရုပ်ပြပွဲ၊ စာကြည့်တိုက်ဖွင့်ပွဲနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၁၂**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု ကင်ပွန်းတန်းကျေးရွာတွင် ပြုလုပ်သောသစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းခြင်းအခမ်းအနား တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တောင်သူများအတွက် မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ပေးအပ်ကာ ကင်ပွန်းတန်းကျေးရွာ ကွင်းအမှတ် ၁၆၉၂ ရှိ တောင်သူ ဒေါ်မြင့်မြင့်အေးနှင့် ဦးနိုင်စိုးတို့၏ စိုက်ဧက ၂၅ ဧကတွင် မြေဆီလွှာအာဟာရထက်သန်ရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် သနပ်ပင်ဆိပ်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC) ခန်းမ၌ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ရွှေသီးနှံဆန်စက်တို့ ပူးပေါင်းဆောင်ရွက်သည့် စပါးခွံမြေဆွေးနှင့် ကြံမြှုပ်ချေးပြုလုပ်ထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်တံတား တံတားချဉ်းကပ်လမ်းနှင့် ကျောက်စီမြေထိန်းနံရံ ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ရေစီးဒဏ်ခံနိုင်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင်ဆောင်ရွက်ရေး မှာကြားသည်။



ဆက်လက်၍ ပျဉ်းမနားမြို့နယ် ဝဲကြီးကျေးရွာ ပညာဥယျာဉ် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေး၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာကြည့်တိုက်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ငွေများနှင့် စာအုပ်စာစောင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွက် MRTV DVB–T2 Set Top Box တစ်စုံ၊ စာအုပ်စာစောင်များကိုလည်းကောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာကြည့်တိုက်ဖွင့်ပွဲတွင်ပါဝင်ကူညီခဲ့သည့် ရှမ်းအိုးစည်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

ယင်းနောက် ပေါင်းလောင်းရေလှောင်တမံ ရေပိုလွှဲပထမအဆင့် ပြုပြင်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်ကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ရန်ကုန် – မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေးစိမ်းစားပင်ကွင်းနှင့် ပင်လောင်းလမ်းဆုံအနီး စိုက်ပျိုးထားသည့် နေ့စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

# မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်း

**မော်လမြိုင် ဇွန် ၁၂**

နှစ်(၃၀) ပြည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်း သွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သွေးလှူရှင်များ တက်ရောက်သည်။

ဦးစွာ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးရုံးနှင့် ကွပ်ကဲမှုအောက်မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် စုပေါင်းသွေးလှူဒါန်းကြမည့်ဝန်ထမ်းများအား ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးကြသည်။



ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဝန်ထမ်း ၁၅ ဦး စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး အလှူငွေ၊ အာဟာရ ဖြည့်စွက်စာများ ပေးအပ် သည်။ ထို့နောက် စုပေါင်းသွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာအား ပြည်သူ့ဆေးရုံ၊ ဆေးရုံအုပ်ကြီး ဒေါက်တာနိုင်ဦးက ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းထံ ပေးအပ်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးကျော်စိုးမိုးနှင့် ဝန်ထမ်းများသည် ဇွန် ၁၂ ရက်က သာယာဝတီခရိုင် ပြည်သူ့ဆေးရုံကြီး၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်းစဉ်။

အောင်ဆင့်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့၌ ကျင်းပသော 2nd Belt and Road Initiative Science and Technology Exchange Conference သို့ တက်ရောက်

နေပြည်တော် ဇွန် ၁၂

2nd Belt and Road Initiative Science and Technology Exchange Conference အခမ်းအနားသို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့၌ ရောက်ရှိနေသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဇွန် ၁၀ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Chen Jiachang နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား သိပ္ပံနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆောင်ရွက်ရေး၊ ပူးတွဲသုတေသနလုပ်ငန်းများဆောင်ရွက်ရေး၊ နယ်ပယ်အသီးသီးတွင် AI နည်းပညာအသုံးချမှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံ တက္ကသိုလ်များအကြား နားလည်မှုစာချွန်လွှာများ ရေးထိုးနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် 2nd Belt and Road Initiative Science and Technology Exchange Conference အခမ်းအနားတွင် ခင်းကျင်းပြသထားသော နည်းပညာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဇွန် ၁၁ ရက် နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် 2nd Belt and Road Initiative Science and Technology Exchange Conference ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Goals and Practice of Poverty Alleviation Through Science and Technology ဖိုရမ်သို့ တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ယံပုံ)** သိပ္ပံနှင့် နည်းပညာဖလှယ်ရေးဆိုင်ရာ ရပ်ဝန်းနှင့် ပိုးလမ်းမ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

# ထိရောက်သည့်အခွန်စနစ်ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်မည့်အစီအမံများနှင့်စပ်လျဉ်း၍ စီမံချက်ရေးဆွဲပြုစုတင်ပြရေးအစည်းအဝေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေး လုပ်ငန်းအဖွဲ့အစည်းအဝေးများကျင်းပ

နေပြည်တော် ဇွန် ၁၂

ထိရောက်သည့် အခွန်စနစ်ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်မည့်အစီအမံများနှင့် စပ်လျဉ်း၍ စီမံချက်ရေးဆွဲပြုစုတင်ပြရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီးပွားရေးရာ ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အခွန်ကောက်ခံရန်လျာထားချက်နှင့် ထိရောက်သည့် အခွန်စနစ်ဖြစ်ပေါ်လာစေရေးအတွက် သုံးသပ်လေ့လာတွေ့ရှိချက်များကိုလည်းကောင်း၊ နေပြည်တော် ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ် စီးပွားရေးရာဝန်ကြီးများက ဒေသတွင်းအခွန်တိုးတက် ကောက်ခံရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အခွန်ကောက်ခံရရှိမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် SME နှစ်ဆင့်ချေးငွေစီမံကိန်းအကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေး လုပ်ငန်းအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၅) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးမင်းထွဋ်က SME နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့်-၁ ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းအဆင့်-၂ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းအဆင့်-၁ တွင် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်း (Participating Financial Institutions – PFI) ဘဏ်ခြောက်ဘဏ်မှ တစ်ဆင့် ၂၀၂၅ ခုနှစ် မေလကုန်အထိ SME လုပ်ငန်းရှင် ၆၉၇ ဦးသို့ ချေးငွေကျပ် ၁၆၈ ဒသမ ၂၆၅ ဘီလီယံ ထုတ်ချေးခဲ့ပြီး ဖြစ်ကြောင်း၊ စီမံကိန်းအဆင့်-၂ တွင် PFI ဘဏ် ၁၁ ဘဏ်မှတစ်ဆင့် ၂၀၂၅ ခုနှစ် မေလကုန်အထိ SME လုပ်ငန်းရှင် ၁၉၉၁ ဦးသို့ ချေးငွေကျပ် ၄၀၃ ဒသမ ၄၅၀ ဘီလီယံ ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း၊ စီမံကိန်းရည်မှန်းချက်များကို ပြည့်မီစွာ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် ချေးငွေစည်းကမ်းများနှင့်အညီ ချေးငွေများကို သတ်မှတ်ချိန်အတွင်း ပြန်လည်ပေးဆပ်နိုင်ရေးနှင့် ချေးငွေအသစ်များကိုသတ်မှတ်ထားသည့်ချေးငွေစည်းမျဉ်း/ စည်းကမ်းများနှင့်အညီ ထုတ်ချေးနိုင်ရေး စနစ်တကျ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ချေးငွေများ ထုတ်ချေးရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများနှင့် ယင်းအခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို လုပ်ငန်းကော်မတီဝင်များက ပိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့ဝင်များက SME နှစ်ဆင့်ချေးငွေထုတ်ပေးထားမှု၊ ချေးငွေပြန်လည်ပေးဆပ်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့၌ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

ကျိုင်းတုံ ဇွန် ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀) ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံပြည်သူ့ဆေးရုံကြီးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းကြရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) အဖွဲ့ဝင် ဦးမင်းညို၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်မြတ်သာတို့က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ဒုတိယပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှ ဝန်ထမ်း ၂၂ ဦးတို့၏ စုပေါင်းသွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးကာ သွေးလှူရှင်များအား အာဟာရပြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**



# လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှစ်(၃၀)ပြည့်အထိမ်းအမှတ်သွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်(၃၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများစုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကိုးဦး၊ ရန်ကုန်အမျိုးသား သွေးလှူဘဏ်၌ ၁၃ ဦး၊ သန်လျင်ပြည်သူ့ဆေးရုံကြီး၌ ၁၄ ဦး စုစုပေါင်း ၃၆ ဦး လှူဒါန်းခဲ့ကြောင်း သိရသည်။



စုပေါင်း သွေးလှူဒါန်းသည့်နေရာများသို့လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမောင်မောင်သန်း၊ အလုံခရိုင်ဦးစီးမှူး ဦးကျော်စိုးအောင်နှင့် အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများ လိုက်လံကြည့်ရှု အားပေးခဲ့ပြီး သွေးလှူဒါန်းခဲ့ကြသည့် ဝန်ထမ်းများအား ကြက်ဥ ၁၀ လုံး၊ နွားနို့တစ်ဘူး၊ Enervon-C ဆေးတစ်ကတ်စီနှင့်အချိုရည်၊ ရေသန့်ဘူးများပေးအပ်သည်။

**ခိုင်ဇာလင်း(ပြန်/ဆက်)**

# မြေငလျင်အပြီး ပြန်လည်တည်ဆောက်ရေး

ဒေါက်တာကျော်လတ် (ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဗိသုကာဌာန၊ ရန်ကုန်နှင့် မန္တလေးနည်းပညာတက္ကသိုလ်)

လူထုဦးလှရေးခဲ့သော "မန္တလေးမြို့၏အမှောင်ဆုံးည" ခေါင်းစဉ်ဖြင့် စာအုပ်ဖတ်ဖူးပါသည်။ ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိသျှတို့ မြန်မာပြည်မှ မဆုတ်ခွာမီ မန္တလေးမြို့ရှိ အဆောက်အအုံပေါင်းများစွာကို မီးရှို့ဖျက်ဆီးခဲ့ပုံကို စာဖတ်သူများ မျက်ရည်ကျလောက်အောင် ရေးသားဖော်ပြခဲ့ပါသည်။

မြတောင်ကျောင်းသည် မြန်မာတို့၏ မင်းဆက်မှ နောက်ဆုံးမိဖုရားခေါင်ကြီး စုဖုရားလတ်က တည်ခဲ့ပြီး ဗိသုကာရှုထောင့်မှ Most propotionate အချိုးအစားအကျဆုံးဖြစ်သည့်အပြင် အသေးစိတ်အလုပြင်မှုတွင်လည်း ကျောင်း၏ ကြမ်းခင်းများတွင်ပင် ကနုတ်ပန်းများဖြင့် အလှဆင်ထားသောကြောင့် မြန်မာလူမျိုးတို့၏ လုံးဝအစားထိုးပြန်မရနိုင်သော အကောင်းဆုံး၊ သစ်သားဗိသုကာလက်ရာဖြစ်သည်။ ဗြိတိသျှတို့ စစ်ရှုံး၍ ပြေးကြရသည်ကို နားလည်နိုင်သော်လည်း စစ်နှင့် မည်သို့မျှ မသက်ဆိုင်သော ဘုန်းတော်ကြီးကျောင်းကို အင်္ဂလိပ်စစ်သားများက မီးသေနတ်ဖြင့်ပစ်၍ ဖျက်ဆီးသွားပုံများအကြောင်းကို လူထုဦးလှက ကြေကွဲဝမ်းနည်းစွာ ရေးသားခဲ့ပါသည်။

၁၉၄၂ ခုနှစ် ဗြိတိသျှတို့ မြန်မာပြည်မှ ထွက်သွားကြရပြီး ၁၉၄၄-၄၅ ခုနှစ် ပြန်လည်ဝင်ရောက်လာသည့်အခါတွင်လည်း မန္တလေးမြို့၌ တိုက်ပွဲများဖြစ်ခဲ့၍ နောက်တစ်ကြိမ် ထပ်မံပျက်စီးခဲ့ပုံကို Randle Manwaring ရေးသော On the Road to Mandalay ခေါင်းစဉ်ဖြင့် စာအုပ်တွင်လည်း ဖတ်ဖူးပါသည်။ ထိုစာပေတို့မှတစ်ဆင့် ကောက်ချက်ချရမည်မှာ မန္တလေးသည် ယခင်ကလည်း နှစ်ကြိမ်တိုင်တိုင် ဖျက်ဆီးခံရသည့် အခြေအနေမှ ပြန်လည်တည်ဆောက်ခဲ့ကြသည်ဆိုသည်ပင် ဖြစ်ပါသည်။

မိမိတို့တိုင်းပြည်နှင့် မိမိတို့ပြည်သူလူထု ခံစားခဲ့ရသော မန္တလေးငလျင်သည် မည်မျှပင် ပြင်းထန်ခဲ့စေကာမူ မိမိတို့ညီညီညွတ်ညွတ်ဖြင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီကြရင်း ပြန်လည်တည်ဆောက်ကြရပါမည်၊ ပြန်လည်တည်ဆောက်နိုင်ကြပါသည်၊ ပြန်လည်တည်ဆောက်ကြရန် စိတ်ဓာတ်လည်း ရှိကြပါသည်။

ဧပြီလ သင်္ကြန်ကာလအတွင်းရေးခဲ့သော စာရေးသူ ဆောင်းပါးနှင့် မေလ ၁၂ ရက်နေ့ ဆောင်းပါးတို့တွင် ၂၀၂၅ ခုနှစ် မြန်မာပြည်အလယ်ပိုင်း ငလျင်၌ လူ့အသက်ပေါင်းများစွာနှင့် အိုးအိမ်ပစ္စည်းများ ဆုံးရှုံးမှုများခြင်းသည် အဓိကအချက်နှစ်ချက်ကြောင့်ဖြစ်သည်။ထိုအချက်တို့မှာ (၁)အချို့သော ဆောက်လုပ်သူတို့သည် ကိုယ်တိုင်တတ်ကျွမ်းမှုမရှိပါဘဲ၊ တတ်ကျွမ်းသော ပညာရှင်များကို အသုံးမပြုဘဲ ဆောက်လုပ်ခဲ့သောကြောင့်၊ (၂)အချို့သော ကန်ထရိုက်သူဌေးကြီးများသည် ငွေကြေးအမြတ်အစွန်းရရှိရေးကိုသာ အဓိကထားပြီး ဆောက်လုပ်ရေးပစ္စည်းများ လျှော့ခြင်း၊ မမှန်မကန်တည်ဆောက်ခဲ့ခြင်းတို့ကြောင့်ဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။

ယခု ပြန်လည်တည်ဆောက်ကြသော အချိန်တွင် အတိတ်ကမှားခဲ့သော ထိုစိတ်ဓာတ်နှင့် အမူအကျင့်များကို ဖျောက်ဖျက်ပစ်ကြလျှင် မိမိတို့၏ ငလျင်ဘေးဒဏ်ထိသော မြို့ရွာများကို ယခင်ကထက် ပိုပိုခိုင်ခံ့လှပစွာ ပြန်လည်တည်ဆောက်နိုင်ကြပါမည်။ ဤဆောင်းပါးသည် မိမိတို့ အိုးအိမ်မြို့ရွာများကို ပြန်လည်တည်ဆောက်ကြသည့်အခါ၊ တတ်ကျွမ်းသူပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးပူးပေါင်းဆောင်ရွက်သည့်အခါ သိသင့်သော အချက်များကို တင်ပြလိုခြင်းဖြစ်ပါသည်။





အင်္ဂလိပ်လူမျိုး ပညာတတ်၊ ပညာရှိတို့က တန်ဖိုးထားအချိန်ယူ၍ ပန်းချီဆွဲခဲ့သော်လည်း အင်္ဂလိပ်လူရိုင်းများက မီးသေနတ်ဖြင့် ပစ်၍ ဖျက်ဆီးခဲ့သည့် မဏိရတနာရာမ မြတောင်ကျောင်း။

- ❒ **ယခု ပြန်လည်တည်ဆောက်ကြသောအချိန်တွင် အတိတ်ကမှားခဲ့သော ထိုစိတ်ဓာတ်နှင့် အမူအကျင့်များကို ဖျောက်ဖျက်ပစ်ကြလျှင် မိမိတို့၏ ငလျင်ဘေးဒဏ်ထိသော မြို့ရွာများကို ယခင်ကထက် ပိုပိုခိုင်ခံ့လှပစွာ ပြန်လည်တည်ဆောက်နိုင်ကြပါမည်**
- ◆ **မန္တလေးမြို့နှင့် စစ်ကိုင်းမြို့ အနီးတစ်ဝိုက်ရှိ ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများ ပြန်လည်တည်ဆောက်ခြင်းတွင် အလှူရှင်များရှိခဲ့လျှင် မိမိတို့က ဗိသုကာပုံစံများကို စေတနာဖြင့် အခမဲ့၊ မိမိတို့၏ပညာဖြင့် ပါဝင်လှူဒါန်း ရေးဆွဲပေးရန် အသင့်ရှိ၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ဗိသုကာဌာန၊ ပါမောက္ခ၊ ဌာနမှူးနှင့် ဆက်သွယ်နိုင်**

အထက်တွင် **"မိမိတို့သည် ညီညီညွတ်ညွတ်ဖြင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီကြရင်း ပြန်လည်တည်ဆောက်ကြရပါမည်"**ဟု ဆိုခဲ့ပါသည်။ ယခု ဤဆောင်းပါးတွင် စာရေးသူနှင့် မန္တလေးနည်းပညာတက္ကသိုလ်၊ ဗိသုကာဌာနမှ လုပ်ဖော်ကိုင်ဖက်များ ညှိနှိုင်းပြီး တင်ပြလိုသည်မှာ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့ အနီးတစ်ဝိုက်ရှိ ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများ ပြန်လည်တည်ဆောက်ခြင်းတွင် အလှူရှင်များရှိခဲ့လျှင် မိမိတို့က ဗိသုကာပုံစံများကို စေတနာဖြင့် အခမဲ့၊ မိမိတို့၏ပညာဖြင့် ပါဝင်လှူဒါန်း ရေးဆွဲပေးရန် အသင့်ရှိကြောင်း ဖော်ပြအပ်ပါသည်။ မန္တလေးနည်းပညာတက္ကသိုလ်၊ ဗိသုကာဌာန၊ ပါမောက္ခ၊ ဌာနမှူးနှင့် ဆက်သွယ်နိုင်ပါသည်။

မြန်မာနိုင်ငံတွင် ဆောက်လုပ်သောစနစ်များတွင် (၁) Timber structures (သစ်သားဖြင့် ဆောက်လုပ်သောစနစ်)၊ (၂) Load bearing structures (အုတ်သို့မဟုတ် သဘာဝကျောက်နံရံကို အခြေပြုဆောက်လုပ်သောစနစ်)၊ (၃) Brick nogging system ( သစ်နှင့်အုတ် ညှပ်ဆောက်လုပ်သောစနစ်)၊ (၄) Reinforced concrete frame structures (သံကူကွန်ကရစ်ဖရိန်စနစ်)၊ (၅) Steel frame structures (သံဖရိန်စနစ်) ဟူ၍ စနစ်များရှိကြပါသည်။ မြန်မာနိုင်ငံတွင် ဆောက်လုပ်ကြသော အဆောက်အအုံ အားလုံးနီးပါးသည် အထက်ပါစနစ်ငါးမျိုးတို့ဖြင့် တည်ဆောက်ကြပါသည်။ လွန်ခဲ့သော နှစ်အနည်းငယ်က V – Pile Company သည် Precast-prefabricated system ဟုခေါ်သော စနစ်တစ်ရပ်ကို စမ်းသပ်ဆောက်လုပ်ခဲ့ပါသည်။ အထက်ဖော်ပြပါစနစ်တို့၏ အကြောင်း၊ အားသာချက်၊ အားနည်းချက်များကို တင်ပြသွားပါမည်။

(၁) **Timber structures (သစ်သားဖြင့် ဆောက်လုပ်သောစနစ်)**။ ။ သက်ဆိုင်ရာ စာပေများအရ မြန်မာတိုင်းရင်းသားများသည် ဘီစီ ၁၅၀၀ ခန့်တွင် ကြေးပစ္စည်းမျာကို စတင်အသုံးပြုခဲ့သည်။ ဗိသုကာပညာရှုထောင့်မှကြည့်သော် ထိုအချိန်က မိမိတို့ တိုင်းရင်းသားများသည် သစ်သားများကို ကြေးလက်နက်များဖြင့် လှီးဖြတ်ပြီး အခိုင်အခံ့အိမ်များ တည်ဆောက်ခဲ့ကြရပေမည်။ သစ်သားအိမ်တို့၏ အားသာချက်များသည် မြန်မာနိုင်ငံ ရာသီဥတုနှင့် သင့်လျော်သည်။ မှန်ကန်စွာ တည်ဆောက်လျှင် မြေငလျင်ဒဏ်၊ လေမုန်တိုင်းဒဏ်များကို ခံနိုင်သည်။ ငွေကြေးတတ်နိုင်သူများအတွက် လေအေးစက်များ တပ်ဆင်ရန် နံရံနှစ်ထပ်ဖြင့်လည်း တည်ဆောက်နိုင်သည်။

ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး စသည့်မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ခြေတံရှည်အိမ်များ ဆောက်လေ့ရှိကြသည်။ ထိုသို့ ၁၀ ပေအထက် ရှည်သော အိမ်တိုင်များ၏ အချင်းသည် ၁၀ လက်မခန့်ရှိသင့်ပြီး ထိုတိုင်တို့၏ အကွာအဝေးသည် ၉ – ၁၀ ပေခန့်ထက် မပိုသင့်ပါ။ လေပြင်းဒဏ်ကိုခံနိုင်ရန် တိုင်နှင့် ထုပ်တန်းများ၊ ထုပ်နှင့် ဒိုင်း၊ ဒိုင်းနှင့် မြားတန်း စသည်တို့ကို Brackets များနှင့်လည်း ချိတ်ဆွဲထားသင့်သည်။ ယခုအချိန်တွင် သစ်ကောင်းများရရှိရန် ခက်ခဲသဖြင့် ကျေးလက်ဒေသများတွင် အိမ်ဟောင်းများ ဝယ်ယူ၍ အသုံးချသင့်သည်။ နေပြည်တော်အနီးတွင် အဆင့်မြင့်ဟိုတယ်တစ်ဆောင်ကို ထိုကဲ့သို့ သစ်သားဟောင်းများကို ပြန်လည်အသုံးပြု တည်ဆောက်ထားသည်ကို စာရေးသူ တွေ့ဖူးပါသည်။ သစ်သားဖြင့် အိမ်ဆောက်ခြင်း၏ အားနည်းချက်သည် ၂-၃ ထပ်သာ ဆောက်လုပ်နိုင်ခြင်းနှင့် မီးဘေးစိုးရိမ်ရခြင်းတို့ဖြစ်သည်။

(၂) **Load bearing structures (အုတ်သို့မဟုတ် သဘာဝကျောက်နံရံကို အခြေပြုဆောက်လုပ်သောစနစ်)**။ ။ မြန်မာနိုင်ငံတွင် အစောဆုံးတွေ့ရှိရသော အုတ်ဖြင့် ဆောက်လုပ်သောစနစ်မှာ ရှေးဟောင်းပျူမြို့တော်များတွင် တွေ့ရှိရပြီး ဗိဿနိုးမြို့၊ ဟန်လင်းမြို့တို့သည် ဘီစီ ၂ ရာစုခန့်မှစ၍ ထွန်းကားခဲ့သော မြို့များဖြစ်သည်။ အေဒီ ၂ ရာစုနှစ်နှင့် ၁၄ ရာစုနှစ်များအတွင်း ထွန်းကားခဲ့သော ပုဂံခေတ်တွင် ထောင်ပေါင်းများစွာသော ဂူဘုရားများနှင့် ဘုန်းတော်ကြီးကျောင်းများသည် ထို Load bearing structures အုတ်နံရံကို အခြေပြုသောစနစ်ဖြင့်သာ ဆောက်လုပ်ခဲ့ကြသည်။ ထိုနှစ် ပေါင်း ၁၂၀၀ ကျော်အတွင်း မှတ်တမ်းများအရ ပုဂံမြို့သည်အကြိမ်ပေါင်း ၁၂ ကြိမ်ခန့် ငလျင်ဒဏ် ခံခဲ့ရသည်။ ထိုငလျင် အကြိမ်ပေါင်းများစွာတွင် အချို့သောဂူဘုရားများ ပြို ပျက်ခြင်းရှိခဲ့သော်လည်း အဓိကစေတီပုထိုးများသည် အနည်းငယ်ပျက်စီးခြင်းမျှသာ ကြုံခဲ့ရပြီး လုံးဝပြိုပျက်ခြင်းမရှိခဲ့ပါ။

ပုဂံမြို့ရှိ ဂူဘုရားများ၏ အုတ်နံရံများသည် ၅-၆ ပေခန့်ပင်ရှိကြသည်။ ကျန်စစ်သားမင်း၏ အာနန္ဒာလိုဏ်ဂူဘုရားရှိ အုတ်နံရံများသည် ၁၅ ပေကျော်ပင်ရှိသည်။ သို့သော် အုတ်ဖြင့်ဆောက်သော် ပုဂံနည်းပညာများသည် ကမ္ဘာ့အတိုင်းအတာနှင့်ပင် အဆင့်မြင့်ခဲ့သော်လည်း ၁၈-၁၉ ရာစု ကုန်းဘောင်ခေတ်တွင် လျော့နည်း၍ စာမျက်နှာ ၇ သို့

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး



**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)၊ အမှတ်(၁၂)နှင့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းများ၊ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အမှတ် (၁၃) အခြေခံပညာအထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများ၌ ပြန်လည်ကျင်းပစစ်ဆေးသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ချမ်းအေးသာစံမြို့နယ် မန္တလေးပြည်သူ့ဆေးရုံကြီး မန်းတောင်ရိပ် ကိုးထပ်ဆောင် ဘက်စုံသုံးခန်းမ၌ ကျင်းပသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သွေးလှူရှင် ၇၁ ဦးကို သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်၍ သွေးဖောက်လက်ခံနေမှုနှင့် သွေးလှူရှင်များက သွေးလှူဒါန်းနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး သွေးလှူရှင်များအား အားဆေး၊ အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များတွင် သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချ

**နေပြည်တော် ဇွန် ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ၇၃ ရက်မြောက်အဖြစ် ဇွန် ၁၂ ရက်တွင် နေပြည်တော်အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ဆန်ခြောက်ပြည်ပါ (မနော သုခ – Export Quality) ၁၂ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ငါးအိတ်၊ စားအုန်းဆီပိဿာ ၃၄၀၊ ဆား ငါးပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၁၂ ထုပ်၊ ငါးပိတစ်ပိဿာ ၈၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ ခုနစ်ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ငါးထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ကိုးထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သားပါ ခုနစ်ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ငါးထုပ်၊ ကြက်ဥအလုံး ၁၈၀၊ ဘဲဥ ၃၅ လုံး၊ ခေါက်ဆွဲခြောက် ငါးထုပ်တို့ကို ရောင်းချပေးခဲ့သည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် နေပြည်တော်အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ ဇွန် ၁၂ ရက်တွင် ကြက်သား (အကောင်) ၅၀၊ ကြက်ဥအလုံး ၃၉၀၀၊ ဘဲဥအလုံး ၃၀၀၊ ငုံးဥအလုံး ၁၀၀၀ တို့ကို ရောင်းချပေးခဲ့သည်။

ထို့အပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဇွန် ၁၂ ရက်တွင် ခရမ်းချဉ်သီးပိဿာ ၁၁၀၊ အာလူး ၃၃၇ ပိဿာ၊ ဂေါ်ဖီထုပ် ၁၁၂ ထုပ်၊ ပန်းဂေါ်ဖီ ၁၁၅ ပွင့်၊ ချင်း ၁၈ ပိဿာ၊ ကြက်သွန်ဖြူပိဿာ ၁၅၀၊ ရွှေဖရုံသီး/ကျောက်ဖရုံသီး ၇၅ ပိဿာ၊ ခရမ်းသီး ပိဿာ ၇၀၊ မုန်ညင်းဖြူ ၁၁၂ ပိဿာ၊ မုန်လာဥနီ ၇၇ ပိဿာ၊ ငရုတ်ပွ ၆၈ ပိဿာ၊ ဗိုလ်စားပဲ ၇၅ ပိဿာ၊ ဂေါ်ရခါးသီးပိဿာ ၇၀၊ ပြောင်းဖူး ၇၅ ပိဿာနှင့် လက်ဖက်ခြောက် ၂၂ ပိဿာ၊ ဂန္ဓမာပန်း ခုနစ်စည်းတို့ကို သက်သာသောဈေးနှုန်းများဖြင့် နေပြည်တော်အတွင်း လျှော်ဘေးသင့်ဝန်ထမ်းနှင့် ပြည်သူများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးခဲ့သည်။



အလားတူ ဇွန် ၁၂ ရက်တွင် စစ်ကိုင်းမြို့အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) လေးအိတ်၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆား လေးပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ နှစ်ပိဿာ၊ ငါးနီတူခြောက် တစ်ပိဿာ၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ သုံးထုပ်၊ ကြက်ဥ ၇၅ လုံး၊ ဘဲဥအလုံး ၂၀၊ ကြက်သွန်နီ ရှစ်ပိဿာနှင့် အသားတုနှစ်ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၅ အိတ်၊ စားအုန်းဆီပိဿာ ၂၂၀၀၊ ဆား ငါးပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ခုနစ်ထုပ်၊ ငါးပိနှစ်ပိဿာ၊ ငါးနီတူခြောက် ၁၀ ကျပ်သား ကိုးထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သား ခုနစ်ထုပ်၊ ကြက်ဥအလုံး ၁၅၀၀၊ ဘဲဥ ၆၀၈ လုံးနှင့် ခေါက်ဆွဲခြောက် ၄၅ ထုပ်တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့သည်။ **သတင်းစဉ်**



## ခိုလမ်မြို့၌ လျှပ်စစ်ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်း စစ်ဆေးခြင်းများဆောင်ရွက်

**ခိုလမ် ဇွန် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံးမှ ပြည်သူများ လျှပ်စစ်မီတာသုံးစွဲရာတွင် အဆင်ပြေစေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းစစ်ဆေးခြင်းလုပ်ငန်းများကို ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဆန်း ဦးဆောင်မှုဖြင့် လျှပ်စစ်ဝန်ထမ်းများက ၁၁/၀.၄ ကေဗွီ ဓာတ်အားခွဲရုံတွင် Earthing စစ်ဆေးခြင်း၊ Bolt & Nuts များ စစ်ဆေးချိန်ညှိခြင်း၊ ကြွေသီးများ သန့်ရှင်းရေးဆောင်ရွက်ခဲ့ပြီး ၆၆/၁၁ကေဗွီ၊ ၅အမ်ဗွီအေဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၁၁ ကေဗွီမြို့တွင်း ဖီဒါ၊ ရလခ (၁) ဖီဒါနှင့် ရလခ (၂) ဖီဒါတစ်လျှောက် ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့်စစ်ဆေးပြုပြင်မှုများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခိုလမ်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*


အခြေအနေပြောင်းခဲ့သည်။ အရှေ့တောင်အာရှတွင် ပထမဦးစွာ တီထွင်၍ ထောင်ပေါင်းများစွာ ဆောက်လုပ်ခဲ့ကြသော ပေါင်းကူးခြင်းနည်းပညာ (Vaulting and arching technology ) ကိုပင် ကုန်းဘောင်ခေတ်တွင် ကျွမ်းကျင်မှု မရှိတော့သောကြောင့် ယခုလျှင်ဒဏ်သင့်ခဲ့သော မန္တလေး၊ စစ်ကိုင်းဒေသတွင် ကုန်းဘောင်ခေတ် စေတီပုထိုးများစွာတို့ ပျက်စီးခဲ့ရသည်။

စစ်ကိုင်းမင်း၊ ဘကြီးတော်ဘုရား၏ **"မြသိန်းတန်စေတီ"** သည် အေဒီ ၁၈၁၆ တွင် တည်ဆောက်ပြီး နှစ် ၂၀ ကျော်ကြာသည့် ၁၈၃၈ ခုနှစ်တွင် ပြိုပျက်ခဲ့သောကြောင့် ၁၈၇၄ ခုနှစ်တွင် မင်းတုန်းမင်း လက်ထက် ပြန်လည်တည်ဆောက်ခဲ့သည်။ ဘကြီးတော်ဘုရား လက်ထက်မှာပင် တည်ဆောက်ခဲ့သော **"မိဖုရားမယ်နုအုတ်ကျောင်း"** တွင် ပုဂံခေတ်က မြန်မာတို့တီထွင်ခဲ့သော ပေါင်းကူးခြင်းနည်းပညာကိုပင် အသုံးမပြုခဲ့သဖြင့် နှစ်အနည်းငယ်အတွင်း ပြိုပျက်ခဲ့သည်။

အုတ်နံရံကိုအခြေပြု ဆောက်လုပ်သောစနစ်၏ အားနည်းချက်မှာ ထုသောအုတ်နံရံကြီးများသည် ညအချိန်တွင် ပတ်ဝန်းကျင်ကို အပူပြန်ပေးသောကြောင့် မြန်မာနိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများကဲ့သို့ ပူအိုက်စွတ်စိုသော နေရာများတွင် လူနေအိမ်များဆောက်ရန် မသင့်လျော်ပါ။ နေ့ခင်းအချိန်တွင်သာ လူများလာရောက်ဖူးကြပြီး ညအချိန် လူများလာရောက်ခြင်းမရှိသော ဂူဘုရားများ၊ ရုံးများ၊ ဓမ္မာရုံများ စသည်တို့ တည်ဆောက်ရန်သာ သင့်လျော်ပါသည်။

အုတ်နံရံများကို အခြေပြုတည်ဆောက်သော အခြားအားနည်းချက်သည် Compression (အပေါ်မှ ဖိအား)ကို များစွာခံနိုင်သော်လည်း ငလျင်လှုပ်လျှင် ပေါ်ပေါက်လာသည့် Lateral forces (ဘေးမှ တွန်းအား)ကို များစွာမခံနိုင်ပါ။ ယခု ၂၀၂၅ ခုနှစ် မတ်လ ငလျင်တွင် စစ်ကိုင်း၊ မန္တလေးဝန်းကျင်တွင် အုတ်နံရံများကို အခြေပြုသောစနစ်ဖြင့် ဆောက်လုပ်ထားကြသည့် အဆောက်အအုံများစွာ ပြိုကျသည်မှာ ထို့ကြောင့်ဖြစ်သည်။ ထိုစနစ်၏ အားသာချက်များက R.C. structures ဟုခေါ်ကြသော သံကူကွန်ကရစ်နှင့် နှိုင်းသော် ၃၀ ရာခိုင်နှုန်းခန့် ဈေးသက်သာသည်၊ အချိန်တိုအတွင်း ဆောက်လုပ်နိုင်သည်။ ထိုစနစ်ဖြင့် ဆောက်လုပ်ကြလျှင် ထုသောအုတ် နံရံများ၊ ကောင်းမွန်ခိုင်ခံ့သော အုတ်မြစ်နှင့် အထပ်ပေါင်း ၂ – ၃ ထပ်ထက်ပို၍ မဆောက်လုပ်သင့်ပါ။

*(ဆက်လက်ဖော်ပြပါမည်)*



လေပြင်းဒဏ်ကိုခံနိုင်ရန် တိုင်နှင့် ထုပ်တန်းများ၊ ထုပ်နှင့် ဒိုင်း၊ ဒိုင်းနှင့် မြားတန်း စသည်တို့ကို Brackets များနှင့်လည်း ယခုကဲ့သို့ ချိတ်ဆွဲထားသင့်သည့် ပုံစံငယ်။




မမှန်မကန်နည်းများဖြင့် တည်ဆောက်၍ လေပြင်းဒဏ်ကြောင့် ပျက်စီးရသော အခြားနိုင်ငံများမှ အဆောက်အအုံများ။

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ-သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ သူနာပြု - သားဖွားဒီပလိုမာ သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲကျင်းပ

မုံရွာ ဇွန် ၁၂

**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ-သူနာပြုနှင့်သားဖွားသင်တန်းကျောင်း သူနာပြု-သားဖွားဒီပလိုမာ (၃၁)ကြိမ်မြောက် သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့်ဦးဆောင်းအပ်နှင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မုံရွာ-သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အတန်းတင်စာမေးပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြပြီး မုံရွာ-သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအတွက် ငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ထို့နောက် မုံရွာ-သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက ဂျူတီကုတ်နှင့် ဦးဆောင်းများ အပ်နှင်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သူနာပြုသားဖွားဒီပလိုမာ(ပထမ)နှစ် သင်တန်းသား သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းများ အပ်နှင်းကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ တာဝန်ရှိသူများနှင့်အတူ မုံရွာမြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ကျောင်းနေနှုန်း မြင့်မားရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းတက်ရာခိုင်နှုန်း တိုးတက်မြင့်မားရေးနှင့် မကြာမီပြန်လည်ဖြေဆိုမည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပညာရေးမှူးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ကျောင်းနေနှုန်းမြင့်မားရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ပြန်လည်ဖြေဆိုနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ တိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက တိုင်းဒေသကြီး အတွင်းရှိ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းများတွင် ကျောင်းအပ်လက်ခံရရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ခရိုင်အလိုက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ကျောင်းနေနှုန်းမြင့်မားရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ပြန်လည်ဖြေဆိုနိုင်ရေး ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း လင်းလက်နေခြည်စာကြည့်တိုက်သစ်ဖွင့်ပွဲ တက်ရောက်



**ကျောင်းကုန်း ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ် ကျောင်းအိုင်အုပ်စု ကျောင်းအိုင်ကျေးရွာ လင်းလက်နေခြည်စာကြည့်တိုက်သစ်ဖွင့်ပွဲ အခမ်းအနားသို့ ယမန်နေ့မွန်းလွဲပိုင်းက ရောက်ရှိကာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်၊ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့် ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က စာအုပ်စာစောင်နှင့်အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးအောင်မြင့်သန်းက လက်ခံရယူပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်+ ဒေါ်ခင်မာနီ သုခကြွယ်မိသားစုမှ စာအုပ်စာစောင်နှင့် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပေါက်ကျိုင်းက လက်ခံရယူသည်။

အဆိုပါ လင်းလက်နေခြည်စာကြည့်တိုက်အား မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ နှင့် အလှူရှင်မှ လှူဒါန်းငွေကျပ် ၆၅ သိန်း စုစုပေါင်းငွေကျပ် ၂၁၅ သိန်းဖြင့် အလျားပေ ၂၀၊ အနံ ၁၉ ပေ၊ အမြင့် ၁၃ ပေဖြင့် ဆောက်လုပ်ထားသည်။ စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာအား အလှူရှင် အဘွား ဖီနန့်ပွားက လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ကော့သောင်းမြို့၌ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**ကော့သောင်း ဇွန် ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ကြီးဌာနမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက်ရှိ ကော့သောင်းပြည်သူ့ဆေးရုံတွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်ကိုလတ်၊ ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်၊ ခရိုင်ဦးစီးမှူး (လဝက) ဦးကိုကိုနိုင်၊ ဒုတိယဌာနခွဲမှူး ဦးသန့်ဇင်၊ မြို့နယ်ဦးစီးမှူး ဦးချမ်းမြေ့ဇေဦး၊ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူးဒေါက်တာလင်းထိုက်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး စုပေါင်းသွေးလှူဒါန်းသည့် ဝန်ထမ်းရှစ်ဦးအား ကော့သောင်း ခရိုင်/ မြို့နယ် လူဝင်မှုကြီးကြပ်ရေး ဒုတိယဌာနခွဲ (လဝက)မှ ဖြည့်စွက်အာဟာရအဖြစ် တစ်ဦးလျှင် နွားနို့တစ်ဘူးနှင့် ကြက်ဥ ၁၀ လုံး၊ ထောက်ပံ့ငွေကျပ် ၃၀၀၀၀ ချီးမြှင့်၍ ကော့သောင်း ပြည်သူ့ဆေးရုံမှ သံဓာတ်အားတိုးဆေး (Iro-Up) တစ်လစာ ပေးအပ်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# အရေးပေါ်ကယ်ဆယ်ရေး ရေပြင်၊ မြေပြင်အသက်ကယ်သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီ၊ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကော်မတီနှင့် Emergency Madical Services Myanmar အဖွဲ့တို့ပူးပေါင်းဖွင့်လှစ်သည့် အရေးပေါ်ကယ်ဆယ်ရေး ရေပြင်၊မြေပြင်အသက်ကယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲကို ဇွန် ၉ ရက်က သာကေတမြို့နယ် လူငယ်စင်တာ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ပံ့ပိုးငွေကျပ် ၁၀ သိန်း လှူဒါန်းပေးအပ်သည်။

ထို့နောက် Emergency Madical Services Myanmar အဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် သင်တန်းနည်းပြများအား သင်တန်းဆင်းအမှတ်တရ လက်ဆောင်နှင့် မှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကော်မတီမှ Emer-gency Madical Services Myanmar အဖွဲ့အား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်သည်။ **အောင်မြင့်(ပြန်/ဆက်)**



# လှိုင်ကော်မြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်

လှိုင်ကော် ဇွန် ၁၂

**ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လှိုင်ကော် မြို့ ဒေါတမရပ်ကွက်ရှိ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင် ရွက်လျက်ရှိသည့် ဝက်မွေးမြူရေး ခြံသို့ရောက်ရှိကာ အသားတိုးဝက်



များ၊ မျိုးပွားဝက်မများနှင့် ဝက်သိုး များ မွေးမြူထားရှိမှု၊ ဝက်သား ပေါက်များ ပြုစုထားရှိမှုအခြေအနေ များကို လှည့်လည်ကြည့်ရှုစစ်ဆေး ပြီး လိုအပ်ချက်များ၊ အခက်အခဲ များနှင့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွား ပါက သက်ဆိုင်ရာတာဝန်ရှိသူများ ထံ အချိန်မီတင်ပြအကူအညီရယူ ရန်နှင့် ယခုထက် ပိုမိုတိုးချဲ့မွေးမြူ နိုင်ရေး ကြိုးပမ်းဆောင်ရွက် စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် လှိုင်ကော်မြို့ နမ့်ကွတ်ရပ်ကွက်ရှိ အသားတိုး ကြက်မွေးမြူရေးခြံများ၊ လှိုင်ကော် မြို့ ပန်ကန်းကျေးရွာရှိဥစားကြက် မွေးမြူရေးခြံများသို့ သွားရောက် ကာ ဥစားကြက်များ မွေးမြူ အောင်မြင်ဖြစ်ထွန်းနေမှု အခြေ အနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး (ဝဲပုံ) ကြက်မွေးမြူရေး ခြံများသည် ပတ်ဝန်းကျင်အခြေ အနေကောင်းများရှိသဖြင့် ယခု ထက် ပိုမိုတိုးချဲ့မွေးမြူနိုင်အောင် ကြိုးပမ်း ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ အရင်းအနှီးလိုအပ် ချက်များရှိလာပါက နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ထပ်မံပံ့ပိုး ကူညီပေးမည်ဖြစ်ကြောင်း၊ မွေးမြူ ရေးခြံများအား စံသတ်မှတ်ချက် များနှင့်အညီ စနစ်တကျ မွေးမြူ နိုင်အောင် ဆောင်ရွက်သွားကြ ရန် မှာကြားသည်။

ဆက်လက်၍ ရေနီကန် ကျေးရွာတွင် ဆောင်ရွက်လျက်ရှိ သည့် စံပြဝက်မွေးမြူရေးခြံများ တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ် ဝန်ကြီးချုပ်က စံပြမွေးမြူရေးခြံ တွင် ထည့်သွင်းတည်ဆောက်ရ မည့် စံသတ်မှတ်ချက်များ ပြည့်စုံ စွာ ထည့်သွင်းတည်ဆောက်သွား ရန်၊ မွေးမြူရန် သတ်မှတ်ထား သည့် အကောင်ရေအပြည့် မွေးမြူ ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများ နှင့်အညီ သတ်မှတ်ကာလ ပြီးစီး ရေးနှင့် ပြည်နယ်အတွင်း မွေးမြူ ရေးလုပ်ငန်းရှင်များသို့ လက်တွေ့ သရုပ်ပြ အသိပညာပေးရေး ဆောင်ရွက်သွားရန် မှာကြားကာ ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ အတွင်းရှိ ပျားဘုရင်မမွေးမြူရေး စခန်းတွင် ပျားများ မွေးမြူထားရှိ မှုကို ကြည့်ရှုစစ်ဆေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကချင်ပြည်နယ်၌ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် ပြည်နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုး

**မြစ်ကြီးနား ဇွန် ၁၂**

ရာသီဥတုပြောင်းလဲမှုနှင့် အပူဒဏ်ကာကွယ်နိုင်ရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ကျေးရွာသစ်လမ်းဘေးဝဲ/ယာစိမ်းလန်းစိုပြည်ရေးနှင့် အရိပ်ရ လေကာတန်းဖြစ်စေရေးတို့ကို ရည်ရွယ် ၍ ယမန်နေ့က ကချင်ပြည်နယ် မြစ်ကြီးနား မြို့နယ် မော်ဖောင်းကျေးရွာ ကျေးရွာသစ်မြေနေရာ နှင့် ဌာနဆိုင်ရာမြေနေရာ ပတ်လမ်းတစ်လျှောက် တွင် ဒုတိယအကြိမ်အဖြစ် ပြည်နယ်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပသည်။

ဦးစွာ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့ တက်ရောက် ကြပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ အခြေခံ ပညာ ဆရာ ဆရာမများ၊ ဒေသခံတောင်သူ များနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်း၍ သတ်မှတ်နေရာအသီးသီး၌ အမြင့် နှစ်ပေနှင့်အထက် နှစ်နှစ်သားအရွယ် မန်ကျည်းရှားပင်နှင့် ပျဉ်းကတိုးပင် ၂၈၆ ပင်စီ ဖြင့် စုစုပေါင်း ၅၇၂ ပင်ကို လမ်းဘေး ဝဲ/ ယာတစ်လျှောက် အတန်းလိုက် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတက်ရောက် စိုက်ပျိုး ပေးမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များတွင် မြစ်ကြီးနားမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ပြည်သူလူထုနှင့် ဌာနဆိုင်ရာ တပ်ရင်းတပ်ဖွဲ့များသို့ ဖြန့်ဝေစိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ရာ ပျိုးပင် ပေါင်းအပင် ၂၂၆၃၀ ကို ဖြန့်ဝေစိုက်ပျိုးပြီးဖြစ် ကြောင်းနှင့် ထို့အပြင် သစ်တောဦးစီးဌာနသို့ လာရောက်ဆက်သွယ်၍ ပတ်ဝန်းကျင်စိမ်းလန်း



စိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးလိုပါက ပျိုးပင် များကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မွန်ပြည်နယ်၌ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မော်လမြိုင် ဇွန် ၁၂**

ကမ္ဘာ့ ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်း အမှတ် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ပြည်နယ်လူမှု ဝန်ထမ်းရုံး အစည်းအဝေးခန်းမ ၌ ကျင်းပရာ ပြည်နယ်လူမှု ရေးရာဝန်ကြီး ဦးစောကြည် နိုင်က အမှာစကား ပြောကြား သည်။

ထို့နောက် မွန်ပြည်နယ် ကလေးအလုပ်သမား ပပျောက် ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်ခိုင်ဇာဝင်းတင် က ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်း အမှတ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အကြောင်း အရာများကို အသိပညာပေး ဆွေးနွေးပြောကြားပြီး ကလေး အလုပ်သမား ပပျောက်ရေးဆိုင်ရာ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်း



ခံရသော ကလေးအလုပ်သမား များဖယ်ရှားရေးနှင့် ပြန်လည် ကုစားရေး လုပ်ငန်းဆပ် ကော်မတီအတွင်းရေးမှူးကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဒေါ်စု မြတ်နွယ်က အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးပြော ကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် ကလေးအလုပ်သမား ပပျောက် ရေးဆိုင်ရာဥပဒေရေးရာ လုပ်ငန်း ဆပ်ကော်မတီ ဒေါ်မိုးနှင်းလွင်က ကလေးအလုပ်သမား အတွင်းရေး မှူး ခိုင်းစေခြင်းနှင့် စပ်လျဉ်းသည့် မူဝါဒနှင့် ဥပဒေအကြောင်းအရာ များကို ရှင်းလင်းပြောကြား ပြီး တက်ရောက်လာကြသည့် ကော်မတီဝင်များက ကဏ္ဍအလိုက် ဆွေးနွေးကြကာ ကလေးအလုပ် သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ကော့မှူးမြို့နယ် နတ်ရေတွင်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

**ကော့မှူး ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ဦးဆောင်မှုဖြင့် တိုင်းရင်း သားအခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေး ဦးစီးဌာနမှ ကြီးမှူးကျင်းပသော အခြေခံ စက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်း အနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ကော့မှူး မြို့နယ် နတ်ရေတွင်းကျေးရွာ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းရင်း သားအခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝင်း က သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဝင် ဦးမြင့်ဦးနှင့် လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်း မှုသင်တန်းကျောင်းမှ ဦးစီးအရာရှိ ဒေါ်သီတာထိုက်တို့က သင်တန်း နှင့်ပတ်သက်သော အကြောင်းအရာ များကို ပြောကြားကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်း ကာလမှာ ဇွန် ၁၂ ရက်မှ ဇူလိုင် ၁၁ ရက်အထိ သင်တန်းဆရာမ ဒေါ်သီတာထိုက်က စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးသွား မည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပစိမ်းမြမြ။**

# ကောင်းမှုတစ်ခု နေ့စဉ်ပြုပြီး သာယာလှပတဲ့ ပတ်ဝန်းကျင်ဖန်တီးကြမယ် . . .

ခန့်ဇော် (ကျေးလက်)

ခေတ်ကာလ. . . ပတ်ဝန်းကျင်ကို ငဲ့စောင်းကြည့်လိုက်တိုင်းမှာ လိုအပ်ချက်တွေ၊ မပြည့်စုံမှုတွေဟာ နေရာတိုင်းမှာ အသားတကျ ဖြစ်ပေါ်လို့ပါပဲ။ ဒီလို အဘက်ဘက်က လိုအပ်ချက်တွေ၊ မပြည့်စုံမှုတွေ ရှိနေတဲ့အချိန်မှာ တောင့်ခံရှင်သန်နိုင်ဖို့အတွက် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်၊ လုပ်ငန်းခွင်တို့မှာ နေ့စဉ်နဲ့အမျှ တတ်နိုင်သမျှ အကောင်းမြင်စိတ်မွေးပြီး လုပ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် လုပ်ကြရပါတယ်။ ဒီလို ကြိုးစားရပ်တည်ကြရာမှာ အခက်အခဲတွေ အများကြီး ကြုံတွေ့ကြရမှာဖြစ်ပေမယ့် အဖွဲ့အစည်းများအတွင်း၊ မိသားစုများအတွင်း ညှိနှိုင်းဆွေးနွေးပြီး အကောင်းမြင်စိတ်ထားနဲ့ အတူတကွ ဖြေရှင်းဆောင်ရွက်ကြရပါမယ်။ ဖြစ်ချင်တိုင်း ဖြစ်လို့မရတဲ့အခြေအနေမှာ နှလုံးသွင်းမှန်မှန်နဲ့ ဖြစ်သင့်ဖြစ်ထိုက်တာတွေကိုတော့ ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရပါမယ်။

စာရေးသူအနေနဲ့လည်း မိမိနဲ့ ပတ်သက်ရာအဖွဲ့အစည်း၊ ပတ်ဝန်းကျင်နဲ့ မိသားစုအတွင်းမှာ တတ်နိုင်သမျှ အသိပညာ၊ အတွေးအခေါ်၊ အယူအဆတွေကို မျှဝေခံစားပြီး နေချင်စဖွယ် လုပ်ငန်းခွင်နဲ့ သာယာတဲ့ မိသားစုဖြစ်အောင် ကြိုးစားနေထိုင်သလို အကောင်းဆုံး အလုပ်အကျွေးပြုနေပါတယ်။ အကောင်းဆုံးကြိုးစားတယ်၊ မျှဝေခံစားပြီး ကိုယ်ချင်းစာစိတ်နဲ့၊ ဘာသာတရား၊ မိဘ ဆရာများရဲ့အဆုံးအမနဲ့ နေထိုင်ပါတယ်၊ တတ်နိုင်သမျှ မျှဝေပေးကမ်းလှူဒါန်းပါတယ်၊ အခက်အခဲရှိသူတွေကို ကြည့်ရှုစောင့်ရှောက်တယ်၊ အခက်အခဲရှိသူကို တတ်နိုင်တာမှန်သမျှ ဖေးမကူညီစောင့်ရှောက်ပေးပါတယ်။

❑ **မြန်မာနိုင်ငံ အချုပ်အခြာနယ်မြေတွေကို ထိန်းသိမ်းကာကွယ်ဖို့ မြန်မာနိုင်ငံသားတွေ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ချစ်ချစ်ခင်ခင်ရှိဖို့ အဖွဲ့အစည်းအားလုံးရဲ့ ခေါင်းဆောင်တွေ စဉ်းစားကြဖို့လိုပါပြီ။ နိုင်ငံသားအားလုံး အကြောင်းရင်းတွေကို သိအောင်လုပ်ပြီး အဖြေရှာ၊ အဖြေညှိကြဖို့လိုပါပြီ။ နိုင်ငံကြီးတွေကတော့ သူတို့အကျိုးစီးပွားအတွက် သူတို့နဲ့ မူဝါဒမတူမှုတွေအတွက် မြန်မာနိုင်ငံကို နည်းမျိုးစုံ ဒုက္ခပေးနေဦးမှာ ဖြစ်ပါတယ်။ အဓိက က အချင်းချင်းစည်းလုံးညီညွတ်ဖို့နဲ့ အတူတကွ ကာကွယ်စောင့်ရှောက်ကြဖို့ပါပဲ**

ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးဖို့ နေချင်စဖွယ် လူမှုအဖွဲ့အစည်းဖြစ်ဖို့ လူသားတိုင်းမှာ တာဝန်ရှိပါတယ်။ "အတ္တ ပရ" မျှတမှု၊ အပေးအယူမျှတမှု၊ ကိုယ်ချင်းစာစိတ်ရှိမှု၊ ကြင်နာသနားတတ်မှု ကိုယ်နဲ့ ကိုယ့်ဆက်စပ်ရာဝန်းကျင်ကို နေချင်စဖွယ် ဝန်းကျင်ကောင်းဖြစ်အောင် ဖန်တီးနိုင်မှာဖြစ်ပါတယ်။ ကိုယ်ကစပြီး ကျင့်ကြံနေထိုင်မှသာ ဆက်စပ်ရာဝန်းကျင်ကို အပြုသဘောဆောင်တဲ့ စွမ်းအား (Positive Energy) စီးဆင်းစေမှာ ဖြစ်ပါတယ်။ ကိုယ်တိုင်ကစလို့ ကိုယ့်တာဝန်ကိုယ် ကျေနိုင်ဖို့ ကြိုးစားကြရပါမယ်။

စာရေးသူနေထိုင်တဲ့ နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာဟာ ဆိတ်ငြိမ်အေးချမ်းပြီး သစ်တောသစ်ပင်တွေနဲ့ဖြစ်လို့ သဘာဝသစ်တောထဲနေထိုင်ရသလို ခံစားရစေပါတယ်။ အိမ်ရှေ့၊ အိမ်နောက် ခြံတစ်ခုလုံး စိုက်ပျိုးထားတဲ့သစ်ပင်တွေ အပြည့်ဖြစ်သလို ခြံရဲ့အနောက်ဘက်မှာလည်း သစ်တောရှိပါတယ်။ ဒီတော့ သစ်တောသစ်ပင်တွေကို မှီခိုနေထိုင်နေတဲ့ ကျေးငှက်မျိုးစုံရှိသလို ရှဉ့်ငယ်တွေလည်း ရှိကြပါတယ်။ သဘာဝအတိုင်း ရှဉ့်တွေက စိုက်ပျိုးထားတဲ့ ပိန္နဲသီး၊ သရက်သီး သီးချိန်၊ မှည့်ချိန်မှာ အစာအဖြစ် ရှာဖွေစားကြသလို သဘာဝအတိုင်း သီးပွင့်ကြတဲ့ အခြားအစားအစာတွေကိုလည်း ရှာဖွေစားသောက်ရှင်သန်နေထိုင်ကြပါတယ်။ စာရေးသူအဖို့မှာတော့ အိမ်မှာရှိရတဲ့ အခိုက်အတန့်တွေမှာ ကျေးငှက်အသံ၊ ရှဉ့်ငယ်လေးတွေရဲ့အသံနဲ့ နံနက်စောစောကနေ ညနေအထိ နားဝင်ပီယံရှိပြီး သာယာချမ်းမြေ့မှုကို ပြည့်ပြည့်ဝဝ ခံစားရရှိပါတယ်။

### ကြောင်စာရဖို့အတွက် ဖန်တီးပေးသလိုဖြစ်နေ

ဆိတ်ငြိမ်အေးချမ်းတဲ့ ဝန်းကျင်ကောင်းမှာ ကျေးငှက်သာရကာအသံသာသာနဲ့ နေထိုင်ဖြတ်သန်းခွင့်ရရှိတာဟာလည်း စာရေးသူအတွက် ကံကောင်းမှုတစ်ခုပဲဖြစ်ပါတယ်။ ဝန်းကျင်ကောင်းမှာ အလေ့အကျင့်ကောင်းတွေနဲ့ ဖြတ်သန်းလိုတဲ့အတွက် အနည်းဆုံး ကောင်းမှုတစ်ခုတော့ နေ့စဉ်ပြုနိုင်အောင် ကြိုးစားဖြစ်ပါတယ်။ ကုသိုလ်ကောင်းမှု နေ့စဉ်ပြုဖြစ်စေဖို့အတွက်သာမက တတ်နိုင်သမျှ မျှဝေပေးလှူဖြစ်စေဖို့ ရုံးပိတ်ရက်တွေမှာ သီလရှင်တွေကို ဆန်လောင်းလှူဖြစ်သလို နံနက်ပိုင်းဆွမ်းခံကြွလာတဲ့ ဦးပဉ္စင်းနဲ့ ကိုရင်လေးတွေကို ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တွေ ဆက်ကပ်လှူဒါန်းဖြစ်ပါတယ်။ သီလရှင်တွေအတွက် ဆန်လောင်းလှူဖို့ အိမ်ရှေ့မှာ အမြဲအဆင်သင့်ထားတာမို့ နေ့စဉ် ရုံးမတက်မီနဲ့ သတိရချိန်တွေမှာ ကျေးငှက်တွေအတွက်လည်း ဆန်ကို အစာအဖြစ် ကျွေးဖြစ်ပါတယ်။ ရှဉ့်တွေအတွက်တော့ ရုံးပိတ်ရက်တွေမှာ နေ့လယ်စာစားပြီးချိန်ဆိုရင် ထမင်းနဲ့ ရေကို အနောက်ဘက် သရက်ပင်ပေါ်မှာ ခွက်တစ်ခွက်စီနဲ့ ကျွေးဖြစ်သလို၊ ရုံးဖွင့်ရက်တွေမှာလည်း မိမိစားတဲ့ ငှက်ပျောသီး၊ ပေါင်မုန့်၊ ထမင်းတစ်ခုခု ကျွေးဖြစ်ပါတယ်။

ဒီလို ကျေးငှက်တိရစ္ဆာန်တွေကို အစာကျွေးတာ ကောင်းပေမယ့် ပြဿနာက ဘယ်အိမ်ကမှန်းမသိတဲ့ အိမ်မှာလာနေတဲ့ ကြောင်မည်းတစ်ကောင်ပဲ ဖြစ်ပါတယ်။ အိမ်ကမိသားစုကလည်း ဒီကြောင်လာတာမကြိုက်။ သမီးလေးကလည်း မကြိုက်။ အကြောင်းက ဒီကြောင်ဟာ အစာစားနေတဲ့ ငှက်ကလေးတွေကို ချောင်းဖမ်းပြီးစားတယ်၊ ရှဉ့်လေးတွေကိုလည်း ဖမ်းစားပါတယ်။ ဖမ်းပြီး ကားဂိုဒေါင်ထဲက ကားအောက်မှာ စားတယ်။ အကြွင်းအကျန်တွေ ထားခဲ့တယ်။ ပုရွက်ဆိတ်တွေ တက်တယ်။ ဒါကို အိမ်ကလူတွေက ရှင်းရတယ်။ ကလေးတွေက ကြောင်တွေ့ရင် မောင်းထုတ်ကြတယ်။ အဖေလုပ်သူကို အစာ အခုလို မကျွေးသင့်ဘူးလို့ ပြောကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြောင်အစာရဖို့အတွက် ဖန်တီးပေးသလို ဖြစ်နေတယ်ဆိုပြီး ပြောကြပါတယ်။

စဉ်းစားကြည့်မိတယ်၊ ကျေးငှက်တိရစ္ဆာန်တွေကို အစာကျွေးတာ ကုသိုလ်ရပါတယ်။ ဒါ့ကြောင့် ကျွေးတယ်။ စိတ်ကြည်နူးရတယ်။ ကြောင်က သူ့အစာမို့ ရှဉ့်ကလေး၊ ငှက်ကလေးတွေကို ဖမ်းပြီး စားတယ်။ သဘာဝတရားက သူ့အလုပ်သူလုပ်တာ ဖြစ်တော့ ဒါလည်းမှန်တယ်။ အရင်းစစ်တော့ ကြောင်ကို စနစ်တကျမမွေးတဲ့ အိမ်ရှင်တွေမှာ တာဝန်ရှိနေတယ်။ ဘယ်အိမ်ကမှန်းလည်း မသိ။ ရှဉ့်ကလေး၊ ငှက်ကလေးတွေ ကြောင်ဖမ်းစားခံရတာ မြင်တော့လည်း စိတ်ထဲမကောင်းဖြစ်ရပြန်တယ်။

### သတိရှိရမယ့်တာဝန် ပေါ့ဆလေတော့

စားကြွင်းစားကျန်တွေထားခဲ့တော့ ရှင်းရတဲ့ အလုပ်ရှုပ်ပြန်ရော။ တစ်ခါ…ရှဉ့်လေးတွေ၊ ငှက်လေးတွေဘက်ကို စဉ်းစားကြည့်ပြန်တော့ ရှဉ့်ဆိုတာ အပင်ပေါ်တက်နိုင်သလို တစ်ပင်နဲ့ တစ်ပင်လည်း ခုန်ပျံကူးနိုင်ပါလျက် ကြောင်ချောင်းဖမ်းတာ ခံရတယ်ဆိုတော့ကာ သတိလက်လွတ် အမှုအမှတ်မဲ့ နေထိုင်ခြင်းက ရှဉ့်ရဲ့ပေါ့ဆမှုလို့ ဆိုရမယ်။ ရှဉ့်တွေမှာလည်း သဘာဝကပေးတဲ့ အသိအရ ကြောင်ရန်က ရှောင်နိုင်ဖို့ သတိရှိရမှာ၊ ကြိုးစားရှောင်ရမှာ သူတို့တာဝန်ပါပဲ။ လေထဲပျံနိုင်တဲ့ ငှက်က ကြောင်ဖမ်းတာခံရတာလည်း ဒီသဘောပါပဲ။ ရှောင်ဖို့၊ တိမ်းဖို့၊ သတိရှိဖို့က ငှက်တွေရဲ့ တာဝန်ပါပဲ။ ကြောင်က သူ့အလုပ်သူလုပ်တာပဲလေ။ ကြောင်ကို မွေးထားတဲ့သူက တာဝန်မကျေသလို ရှဉ့်တွေ၊ ငှက်တွေကလည်း သတိရှိရမယ့်တာဝန် ပေါ့ဆလေတော့ ပျက်စီးခြင်းနဲ့ အဆုံးသတ်ကြရတာ သံဝေဂယူစရာပါပဲ။

မြို့ပြတွေမှာ အိမ်မွေးတိရစ္ဆာန်တွေ၊ ခွေးတွေ၊ ကြောင်တွေကို မွေးမြူကြတဲ့ခါ စနစ်တကျ မွေးမြူသင့်သလို စည်ပင်သာယာတွေကလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ထားသင့်ပါတယ်။ ချမှတ်ထားပြီးသားဖြစ်ရင်လည်း တကယ်လိုက်နာဆောင်ရွက်မှုရှိအောင် ကြပ်မတ်ကြဖို့ တာဝန်ရှိပါတယ်။ စည်ပင်သာယာက သူ့တာဝန်သူထမ်းသလို တစ်ဦးချင်း တစ်ယောက်ချင်းကလည်း ကိုယ့်တာဝန်ကိုယ် ကျေပွန်ဖို့လိုပါတယ်။ ကိုယ်မွေးချင်ရင် စနစ်တကျ မွေးမြူသင့်ပါတယ်။ ပတ်ဝန်းကျင်ကို ဒုက္ခမဖြစ်စေရအောင်၊ ညစ်ညမ်းမှု မဖြစ်စေရအောင် ဆင်ခြင်ထိန်းသိမ်းပြီး ပတ်ဝန်းကျင် လှပအောင်၊ သာယာအောင်ပဲ ကူညီသင့်ပါတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှု၊ စည်းကမ်းလိုက်နာမှု၊ စည်းကမ်းရှိမှု၊ စည်းကမ်းထိန်းသိမ်းမှုတွေဟာ သာယာလှပတဲ့ နေချင်စဖွယ် လူမှုပတ်ဝန်းကျင်ကောင်းတစ်ခု ထူထောင်ရာမှာ အလွန်အရေးကြီးပါတယ်။

လက်ရှိ ကမ္ဘာ့ရေးရာအခင်းအကျင်းကို လေ့လာကြည့်ရင် ကိုယ့်နိုင်ငံအကျိုးစီးပွားကို အဓိကထားပြီး ပြုမူဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။ အထူးသဖြင့် အင်အားကြီးနိုင်ငံတွေဟာ အင်အားပြိုင်ဆိုင်မှုရှိနေကြပြီး သူတို့ရဲ့ ပြိုင်ဆိုင်မှုတွေကြားမှာ သူတို့ပြိုင်ဘက်နဲ့ အဆင်ပြေသူကို ပြိုင်ဘက်လိုသဘောထားပြီး အနိုင်ကျင့်၊ ကန့်သတ်တာတွေကို နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်နေကြတာ တွေ့မြင်ရပါတယ်။ သူတို့ပြိုင်ဘက်နဲ့ မတည့်သူတွေကိုလည်း အထောက်အပံ့တွေပေးပြီး ပံ့ပိုးကူညီနေကြတာ တွေ့ရပြန်ပါတယ်။ နှစ်ဖက်ညှပ် တွန်းပို့မှုတွေကြား ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ သတိကြီးစွာနဲ့ မိမိနိုင်ငံမထိခိုက်စေမယ့် နိုင်ငံခြားရေးမူဝါဒတွေကို ချမှတ်ဆောင်ရွက်နေကြရပါတယ်။

### အကျိုးရလဒ်ကတော့ နိုင်ငံ အစိတ်စိတ်အပိုင်းပိုင်းဖြစ်

မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေအရ နယ်စပ်ဒေသမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရဲ့ ကိုယ်ကျိုးအတွက် ဆောင်ရွက်မှုကြောင့် တိုက်ပွဲတွေ ဖြစ်ပွားနေပါတယ်။ ဒါက ပြည်တွင်းမှာ စည်းလုံးညီညွတ်မှု မရှိတဲ့သဘော၊ အိမ်တွင်းရေး အဖုံဖုံနဲ့ အိမ်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲနေတဲ့ သရုပ်သကန်ကို ပြသနေတာပါ။ ဒီလို ပြည်တွင်းရေးအခြေအနေရှိနေတဲ့ ကျွန်တော်တို့နိုင်ငံကို အင်အားကြီးနိုင်ငံတွေက သပ်လျှိုသွေးခွဲရတာ အလွန်မှလွယ်ကူပါတယ်။ ကာကွယ်တားဆီးမှု မပြုလုပ်နိုင်ရင် အလွန်အန္တရာယ်ကြီးပါတယ်။ ဆီးရီးယားမှာ အစိုးရကို၊ အစိုးရတပ်ကို နောက်ခံအထောက်အပံ့အမျိုးမျိုးရှိတဲ့သူပုန်တွေ စုပေါင်းတိုက်ခဲ့ပြီးနောက်မှာ အစိုးရပြုတ်ကျခဲ့ပါတယ်။ ဒါတင်ပဲလားဆိုတော့မဟုတ်ဘူး။ နောက်ဆက်တွဲ အစ္စရေးက နယ်မြေချဲ့နေပါတယ်။ ဗုံးကြဲပါတယ်။ တူကီယဲကလည်း သူအထောက်အပံ့ပေးထားတဲ့ လက်ရှိအစိုးရအဖွဲ့ တာဝန်ယူထားတဲ့အဖွဲ့ကို ထောက်ပံ့ပြီး ကျန်သူပုန်အဖွဲ့တွေကို တိုက်တယ်။ အကျိုးရလဒ်ကတော့ နိုင်ငံ အစိတ်စိတ်အပိုင်းပိုင်းဖြစ်ပြီး ကျိုးကျေပျက်စီးတာပါပဲ။

ကမ္ဘောဒီးယားနိုင်ငံမှာ ခမာနီခေတ်သင်ခန်းစာရှိခဲ့ဖူးတဲ့အကြောင်း စာရေးသူရဲ့ ဒုတိယမြောက် ဆောင်းပါးစာအုပ် (ဆင်းရဲခြင်းလွတ်ကင်းအောင်)မှာ ရေးခဲ့ဖူးပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေ အသိဉာဏ်ပညာနဲ့ စဉ်းစားကြဖို့လိုပါပြီ။ တိုင်းရင်းသားတွေအနေနဲ့ လူမျိုးကို အခြေခံစဉ်းစားတာထက် နိုင်ငံနဲ့နိုင်ငံသား၊ မြန်မာနိုင်ငံ၊ မြန်မာနိုင်ငံသားဆိုတဲ့ အသိနဲ့ စဉ်းစားကြရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အချုပ်အခြာနယ်မြေတွေကို ထိန်းသိမ်းကာကွယ်ဖို့ မြန်မာနိုင်ငံသားတွေ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ချစ်ချစ်ခင်ခင်ရှိဖို့ အဖွဲ့အစည်းအားလုံးရဲ့ ခေါင်းဆောင်တွေ စဉ်းစားကြဖို့လိုပါပြီ။ နိုင်ငံသားအားလုံး အကြောင်းရင်းတွေကို သိအောင်လုပ်ပြီး အဖြေရှာ၊ အဖြေညှိကြဖို့လိုပါပြီ။ နိုင်ငံကြီးတွေကတော့ သူတို့အကျိုးစီးပွားအတွက် သူတို့နဲ့ မူဝါဒမတူမှုတွေအတွက် မြန်မာနိုင်ငံကို နည်းမျိုးစုံဒုက္ခပေးနေဦးမှာ ဖြစ်ပါတယ်။ အဓိက က အချင်းချင်းစည်းလုံးညီညွတ်ဖို့နဲ့ အတူတကွ ကာကွယ်စောင့်ရှောက်ကြဖို့ပါပဲ။

နေ့စဉ်ဘဝ ဖြတ်သန်းမှုထဲ မိမိနေထိုင်ရာခြံဝင်းအတွင်း သာယာလှပဖို့ဆိုရာမှာတောင် စာရေးသူတို့ဟာ ကိုယ်တစ်ဦးတည်း ရှင်သန်နေထိုင်ဖို့အတွက်သာမက သဘာဝဂေဟစနစ်တွေ မပျက်မစီးဘဲ ကိုယ့်ဝင်းခြံအတွင်း မှီတည်နေထိုင်တဲ့ ကျေးငှက်သာရကာလေးတွေ၊ ရှဉ့်ကလေးတွေရဲ့ နေထိုင်ရှင်သန်မှုကိုပါ စောင့်ရှောက်ကြရတယ် မဟုတ်ပါလား။ ငှက်ကလေး၊ ရှဉ့်ကလေးတွေကို စောင့်ရှောက်ရမှာဖြစ်သလို ကြောင်ကိုလည်း စနစ်တကျ မွေးရမှာပါပဲ။ အလေ့အထ သဘာဝ၊ ရှင်သန်ရပ်တည်မှု မတူညီတာ၊ မတူကွဲပြားတာတွေကို လက်ခံပြီး ဒီဂေဟစနစ်ထဲ တစ်ကောင်ကြောင့် အခြားတစ်ကောင် ပျက်စီးမှုမရှိရအောင် အတူယှဉ်တွဲ မွေးမြူရှင်သန်နိုင်ကြစေဖို့ စနစ်တကျ မွေးမြူစောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

## ချင်းပြည်နယ်၌ ဆေးလုပ်မှုသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဟားခါး ဇွန် ၁၂**

ဆေးဘက်ကျွမ်းကျင်-၄ (ဆေးလုပ်မှု) (ခြောက်လ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကုသရေးဦးစီးဌာနအနေဖြင့် ဆေးရုံများတွင် ဆေးဘက်ဆိုင်ရာလုပ်မှုရေးအခက်အခဲများ ကြုံတွေ့ရသည့်လူနာများကို စနစ်တကျပံ့ပိုးကူညီပေးနိုင်ရန်၊ ဆေးလုပ်မှုဆက်ဆံရေးမှူးများ၏ လုပ်ငန်းတာဝန်များ အထောက်အကူပြုပံ့ပိုးနိုင်ရန်နှင့် ဆေးဘက်ဆိုင်ရာလုပ်မှုရေးကျွမ်းကျင်သူများအဖြစ် ပြည်သူ့ဆေးရုံများတွင် တာဝန်ချထားပေးနိုင်ရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်မည့် ဆေးဘက်ကျွမ်းကျင်-၄ (ဆေးလုပ်မှု) သင်တန်းကို ပြည်နယ်၏ ပထမဆုံးအသုတ်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၀ ဦးတက်ရောက်မည်ဖြစ်ပြီး ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းက ရရှိလိုက်သည့် သင်ခန်းစာများသည် ဆေးရုံကို လာရောက်ပြသကြသည့် လူနာများအတွက် အထောက်အကူ ဖြစ်စေသကဲ့သို့ ဆေးကုသမှုပေးနေသည့် ကျန်းမာရေး ဝန်ထမ်းများအတွက်လည်း အဆင်ပြေချောမွေ့စေရန် ပေါင်းကူးဆက်သွယ် ဆောင်ရွက်စေမည့် နည်းလမ်းများကို ရရှိသွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ခန်းစာများကို ဂရုစိုက်မှတ်သားပြီး ကြိုးစားသင်ယူကြရန်၊ တာဝန်ထမ်းဆောင်ရာ ဆေးရုံများကို ပြန်လည်ရောက်ကြသည့်အခါ သင်ကြားပို့ချလိုက်သည့် သင်ခန်းစာများကို ပြန်လည်အသုံးချပြီး မိမိတို့ လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း အမှာစကား ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေများကို ပေးအပ်ရာ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ချမ်းငြိမ်းမောင်က လက်ခံယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဖြူးမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုး

**ဖြူး ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ချင်းခင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသန်းစိုးက ရတနာတန်းဝင်ပျိုးပင်ပေါက်များကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံယူကြသည်။ ထို့နောက် ကျွန်းနှင့် ပျဉ်းကတိုး ၇၀၊ ယမနေ ၆၀၊ ခရေနှင့် စွယ်တော် ၂၀ စုစုပေါင်း ပျိုးပင် ၄၀၀ ကို စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပစိမ်းမြမြ။**

## မအူပင်မြို့၌ ဌာနနှစ်(၃၀)ပြည့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မအူပင် ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှစ် (၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ခရိုင်အထွေထွေရောဂါကုဆေးရုံကြီး၌ ပြုလုပ်သည်။



မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်ရုံးများမှ ဝန်ထမ်းအင်အား ၁၆ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းခြင်းအခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြက်ဥများ၊ အချိုရည်များ စသည့်အာဟာရပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ကျောက်တန်း၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အသိပညာပေး

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါ ပြည်တွင်းစက်မှုဇုန်၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ကျောက်တန်းမြို့နယ် သီလဝါ ပြည်တွင်းစက်မှုဇုန်ရှိ JK အထည်ချုပ်စက်ရုံနှင့် Max Myanmar Service Co.,Ltd. ဆီသိုလှောင် ဖြန့်ဖြူးရေး လုပ်ငန်းတို့တွင် ပြုလုပ်သည်။



အဆိုပါ လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲတွင် အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ သီလဝါအထူးစီးပွားရေးဇုန်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမြတ်မွန်နှင့် ဦးစီးအရာရှိ ဒေါ်နုနုယဉ်တို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များအား သိရှိနားလည်ပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိအမြင်များ တိုးတက်လာစေရန် ရည်ရွယ်၍ အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**

*စာမျက်နှာ ၁၀ မှ*

ကြောင်တွေ၊ ရှဉ့်တွေ၊ ငှက်တွေကတော့ တိရစ္ဆာန်တွေဆိုတော့ ငြိမ်းချမ်းစွာ အတူနေဖို့ရာမှာ အင်အားအကြီးအသေး၊ သူတို့ရဲ့ အစာအတွက် ရှာဖွေစားသောက်မှုပုံစံနဲ့ သူတို့အစားအစာအပေါ် မူတည်တဲ့အတွက် သူတို့ဘာသာ ပြောင်းလဲဖို့ရာ ခက်ခဲပါတယ်။ ကြောင်က အသားစားတဲ့ သတ္တဝါဖြစ်ပြီး ရှဉ့်တို့၊ ငှက်တို့ထက် အားကြီးလေတော့ သူ့သဘာဝအတိုင်းပဲ နေထိုင်ရှာဖွေစားသောက်မှာဖြစ်လို့ အသိဉာဏ်ရှိတဲ့သူတွေကပဲ စနစ်တကျ မွေးမြူစောင့်ရှောက်ကြရမှာ ဖြစ်တယ်။

### ဖွံ့ဖြိုးတိုးတက်မှုဆီဦးတည်

လူသားတွေအဖို့မှာလည်း ဒီလိုပါပဲ။ နိုင်ငံတွေမှာ အုပ်ချုပ်မှုပုံစံတွေလည်း ကွဲပြားခြားနားမှုရှိသလို တိုင်းရင်းသားလူမျိုးစုတွေ အကြားမှာလည်း ယဉ်ကျေးမှု၊ အယူဝါဒ၊ ကိုးကွယ်မှု၊ ဘာသာ ကွဲပြားခြားနားမှု ရှိကြပါတယ်။ မတူကွဲပြားမှု၊ အယူဝါဒ မတူညီမှုတွေကို လက်ခံပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရေးကို စဉ်းစားဆောင်ရွက်ကြရပါမယ်။ ဒီနေရာမှာ ပညာတတ်မြောက်မှုဟာလည်း အဓိကကျတဲ့ ထိန်းကျောင်းနိုင်စွမ်းအားတစ်ခုဖြစ်တာ မေ့ထားလို့မရပါဘူး။ ပညာတတ်မှ ထိုးထွင်းမြော်မြင်နိုင်စွမ်း၊ ပိုင်းခြားသိမြင်နိုင်စွမ်းတွေ မြင့်တက်လာမှာဖြစ်တဲ့အတွက် ပညာတတ်အောင်လည်း သင်ကြားကြရမယ်။ တွေးခေါ်စဉ်းစားနိုင်တဲ့ဉာဏ်ပညာ၊ တွေးခေါ်စဉ်းစားတတ်တဲ့ အလေ့အကျင့်ရရှိအောင် လေ့ကျင့်သင်ကြားပေးရပါမယ်။ ဒါမှသာ ဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်နိုင်မှာဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရပါမယ်၊ တိုင်းရင်းသားအားလုံးအချင်းချင်း သင့်မြတ်အောင် နေထိုင်ပြီး အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးဆီ ဦးတည်လျှောက်လှမ်းကြရပါမယ်။ အတူတကွ နေထိုင်တဲ့ အိမ်ကြီး ယိုယွင်းပဲ့ကြွေသွားလို့ ကောင်းကျိုး ခံစားရတဲ့အိမ်သားဆိုတာ မရှိပါဘူး။ မယိမ်းယိုင် မပြိုလဲအောင် ဝိုင်းဝန်းကြိုးစားတည့်မတ်ကြရမှာပါ။ မတူကွဲပြားမှုတွေကြားက တူညီတဲ့ဦးတည်ရာက အမိနိုင်ငံကို ကာကွယ်နိုင်ဖို့ပဲ ဖြစ်သင့်ပါတယ်။ တိုင်းရင်းသားအားလုံးမှာ အတူတကွ တာဝန်ရှိပါတယ်။ အတူကြိုးစားကြရပါမယ်။

ကွဲပြားမှုတွေအတွက် ညှိနှိုင်းအဖြေရှာကြရမှာဖြစ်သလို အိမ်နီးနားချင်းနိုင်ငံတွေနဲ့လည်း သင့်မြတ်အောင်နေရပါမယ်။ အင်အားကြီးပြီး ဒုက္ခပေးနိုင်တဲ့နိုင်ငံတွေနဲ့လည်း သင့်မြတ်အောင် နေထိုင်ပြီး ကိုယ့်နိုင်ငံအကျိုးစီးပွားအတွက် ပေါင်းစည်းဆောင်ရွက်ကြရပါမယ်။ ဘယ်သူနဲ့ ဆက်ဆံပေါင်းသင်းသည်ဖြစ်စေ ကောင်းကျိုးရအောင် ဖန်တီး၊ ထုတ်နုတ်ရယူနိုင်ဖို့ဟာ ကိုယ့်ရဲ့ စီမံဖန်တီးစွမ်းအားနဲ့သာ သက်ဆိုင်ပါတယ်။ အသိနဲ့ သတိကိုတော့ ကိစ္စရပ်တိုင်းမှာ မေ့လျော့မကျန်ခဲ့စေဖို့ အထူးသတိပြုရမှာပါပဲ။

ကိုယ့်နိုင်ငံ အချုပ်အခြာအာဏာ တည်မြဲဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံသူ နိုင်ငံသားတွေ၊ တိုင်းရင်းသားလူမျိုးတွေ ဘေးကင်းလုံခြုံမှုရှိဖို့ရာ အုပ်ချုပ်သူနိုင်ငံ့အစိုးရတွေမှာ တာဝန်ရှိသလို အဲဒီနိုင်ငံရဲ့တပ်မတော်မှာလည်း တာဝန်ရှိပါတယ်။ နိုင်ငံသားတိုင်းမှာလည်း တာဝန်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံသား တိုင်းရင်းသားတွေဟာ လူသားတွေဖြစ်လို့ ငြိမ်းချမ်းစွာ အတူနေထိုင်ဖို့ ဆိုတာဟာ ကိုယ်တိုင်ဖန်တီးမှ ရမယ့်အရာဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်း၊ ဥပဒေတွေကို လိုက်နာပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ၊ ဘေးကင်းလုံခြုံတဲ့နိုင်ငံ တည်ဆောက်ဖို့၊ အချုပ်အခြာအာဏာ ကာကွယ်နိုင်ဖို့၊ မျိုးဆက်သစ်တွေအတွက် အခွင့်အလမ်းကောင်းတွေ ဖန်တီးထားဖို့လည်း မဖြစ်ဖြစ်အောင် ကြိုးစားကြရပါမယ်။


ကြီးနိုင်ငယ်ညှဉ်း မလုပ်ရလေအောင်၊ စည်းမဲ့ကမ်းမဲ့ မဖြစ်ရလေအောင်၊ မိမိအခွင့်အရေးအတွက် အခြားသူများရဲ့အကျိုးစီးပွား မထိခိုက်ရလေအောင် ဥပဒေတွေ ပြဋ္ဌာန်းပြီး ထိန်းသိမ်းနေထိုင်ကြရပါမယ်။ ဘာသာတရားရဲ့ အဆုံးအမ၊ အသိဉာဏ်ပညာတွေနဲ့ ယဉ်ကျေးလာအောင်၊ စာနာတတ်အောင်၊ အများအကျိုးသယ်ပိုးတတ်အောင်၊ ပတ်ဝန်းကျင်နဲ့ လူမှုအသိုင်းအဝိုင်းကို အကျိုးပြုအောင် နောက်မျိုးဆက်ကို လေ့ကျင့်ပျိုးထောင်ပေးကြရပါမယ်။ နိုင်ငံကို ချစ်မြတ်နိုးအောင် မျိုးချစ်စိတ် မျိုးစေ့ကို ရင်ထဲ စွဲမြဲခိုင်မာစွာ အမြစ်တွယ်အောင် ပျိုးထောင်ပေးကြရပါမယ်။

ပိုကောင်းတဲ့ မနက်ဖြန်တွေမှာ၊ ပိုမိုသာယာလှပတဲ့ ဝန်းကျင်ကောင်းမှာ ရှင်သန်နေထိုင်ခွင့်ရရှိကြစေဖို့ ကောင်းကျိုး ကိုယ်၌တည်အောင် ကြိုးစားကြရပါမယ်။ နိုင်ငံကို ကာကွယ်ဖို့အတွက်၊ နိုင်ငံဖွံ့ဖြိုးရေးအတွက်၊ နိုင်ငံသူ နိုင်ငံသားတွေအကျိုးအတွက် နိုင်ငံသားတွေ၊ အဖွဲ့အစည်းတွေက ဘာလုပ်ပေးနိုင်မလဲ၊ ဘာလုပ်ပေးသင့်သလဲဆိုတာကို သေချာစဉ်းစားပြီး ကောင်းသောအရာတွေကို လက်တွေ့ကျကျ စုပေါင်းအားနဲ့ ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရင်း . . .။ ။

# ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ် အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဇွန် ၁၂**

မြန်မာနိုင်ငံ၏ အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဇွန် ၁၁ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအဝေး (2nd Meeting of ASEAN Geoeconomics Task Force) သို့ တက်ရောက်ဆွေးနွေးခဲ့သည်။




အစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေး၊ အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံစီးပွားရေးဝန်ကြီးများ အစည်းအဝေးရလဒ်များ၊ လက်ရှိဖြစ်ပေါ်နေသည့် ပထဝီစီးပွားရေးစိန်ခေါ်မှုများအပေါ် အာဆီယံအနေဖြင့် မူဝါဒဆိုင်ရာ တုံ့ပြန်မည့် အာဆီယံပေါင်းစည်းမှုအစီရင်ခံစာရေးဆွဲရေးနှင့် လုပ်ငန်းအဖွဲ့၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးက လက်ရှိဖြစ်ပေါ်နေသည့် ပထဝီစီးပွားရေးအခြေအနေကို အာဆီယံ၏ ခိုင်မာ၍ အားလုံးပါဝင်သည့် စီးပွားရေးပေါင်းစည်းမှုဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ကြောင်း၊ အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုကို ပိုမိုမြှင့်တင်ခြင်းဖြင့် ကုန်သွယ်မှုဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အာဆီယံအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်ချဲ့ထွင်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ အသစ်ဆောင်ရွက်မည့် လုပ်ငန်းများကို အာဆီယံ၏ ဦးစားပေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အေအီးစီမဟာဗျူဟာ လုပ်ငန်းအစီအစဉ် ၂၀၂၆-၂၀၃၀ ကို အတည်ပြုပြီးဖြစ်၍ ရေရှည်ဆောင်ရွက်မည့်လုပ်ငန်းများကို မဟာဗျူဟာအစီအစဉ်နှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့ (ASEAN Geoeconomics Task Force) ကို ၂၀၂၅ ခုနှစ် ဧပြီ ၁၀ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည့် အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး၏ သဘောတူညီချက်ဖြင့် လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုအပြောင်းအလဲများကြောင့် အာဆီယံဒေသတွင်း၌ ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ ထိခိုက်နိုင်မှုများကို သုံးသပ်နိုင်ရန်နှင့် အာဆီယံစီးပွားရေး ဝန်ကြီးများထံသို့ မူဝါဒဆိုင်ရာ ထောက်ခံတင်ပြချက်များ ပြန်လည်တင်ပြရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းအဖွဲ့တွင် အာဆီယံနိုင်ငံများမှ ဒုတိယဝန်ကြီးအဆင့် တစ်ဦးစီနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းမှ အကြီးတန်းစီးပွားရေးပညာရှင်တစ်ဦးစီတို့ဖြင့် ဖွဲ့စည်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၂**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၆၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၁ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၂၄ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့် ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဇွန် ၁၁ ရက် ညနေ ၅ နာရီမှ ဇွန် ၁၂ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ စင်ကာပူနိုင်ငံ Lotus Light Charity Society က လှူဒါန်းသည့် အသင့်စားခေါက်ဆွဲခြောက် (အလေးချိန် ၀ ဒသမ ၁၈၅ တန်) ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့သည့် စားသောက်ကုန် ပစ္စည်းများကို ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၁၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Premier Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် ZEEKR 001 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Shwe Thway Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD YUAN PLUS အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**ပြင်ဦးလွင် ဇွန် ၁၂**

လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် စနိုးကွင်း ကိုယ်ပိုင် အထက်တန်းကျောင်း၌ကျင်းပရာ စနိုးကွင်း ကိုယ်ပိုင် အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲ



ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူက “စာဖတ်ခြင်း၏ အကျိုးကျေးဇူး”၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းမင်းအောင်က ကျန်းမာရေး အသိပညာဗဟုသုတများ၊ မြန်မာစာပေယဉ်ကျေးမှု အသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက “လူငယ်နှင့် အနာဂတ်နိုင်ငံတော်” ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး အဆိုပါ ဟောပြောချက်များနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား မေးမြန်းခဲ့ရာ ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့သည်။

**သွေးသွေး (ပြန်/ဆက်)**

# သန်လျင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၁၂**

သန်လျင်ခရိုင် သန်လျင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး



ဟောပြောပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် သန်လျင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးစိုးဝင်း (ရဲချုပ်-ငြိမ်း)က မြန်မာနိုင်ငံသို့ မူးယစ်ဆေးဝါးအမျိုးမျိုး စတင်ရောက်ရှိလာပုံနှင့် ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်နှင့်မူးယစ်ဆေးဝါးတာဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ သန်လျင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စမ်းစမ်းစိမ့်က လည်းကောင်း၊ မူးယစ်ဆေးဝါးဥပဒေ၊ နည်းဥပဒေများအား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုတိယ ရဲမှူးဟန်မျိုးအောင်က လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

**သန်းဝင်း(သန်လျင်)**

# ပုသိမ်တက္ကသိုလ်၌ ဘွဲ့ကြို၊ ဘွဲ့လွန်၊ ပါရဂူဘွဲ့သင်တန်းများနှင့် ပုံမှန်သင်တန်းများဖွင့်လှစ်

**ပုသိမ် ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ပုသိမ်တက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယပညာသင်ကာလနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမပညာသင်ကာလဘွဲ့ကြိုသင်တန်းများ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ၏ နေ့သင်တန်းများကို ဇွန် ၂ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမဘုရားကြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိက အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ကုလားကျောင်းကျေးရွာအုပ်စု အရှေ့ရွာနန်းပုဂံကျောင်း၌ ငလျင်ဒဏ်ကြောင့် ဘုရားစေတီများ ထိခိုက်ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းများဖြစ်သော နှစ်(၇၀၀)ပြည့်အားကစားကွင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၊ ဝန်ထမ်းအိမ်ရာငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းနှင့် စကုမှော်ငလျင်ဘေးဒဏ်သင့် ပြည်သူများ စောင့်ရှောက်ရေးစခန်းများရှိ အိမ်ထောင်စု စုစုပေါင်း ၇၉၇ စုတို့အား သွားရောက်တွေ့ဆုံပြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ၎င်းတို့နေအိမ်များကို ဖယ်ရှားရှင်းလင်းပြီး မူလနေရာများတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောင်းဆောင်အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေသည့်အခြေအနေများနှင့် တက္ကသိုလ်ပရဝဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ သောက်သုံးရန် ရေသန့်စက်ဆောက်လုပ်ပြီးစီးမှု အခြေအနေများ၊ ယာယီကျောင်းဆောင် ဆောက်လုပ်နေမှုအခြေအနေများ၊ ရေဝတီတံတား (ရတနာပုံ) စစ်ကိုင်းဘက်တံတားအောက်ရှိ ရေဝပ်သည့်နေရာများတွင် စက်ယန္တရားကြီးများဖြင့် မြေဖို့ခြင်းနှင့် မြေညှိခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရန်အောင်မြင်ဆုတောင်းပြည့်မြတ်စွာဘုရားနှင့် သကျဓိတာသီလရှင် စာသင်တိုက်တို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများကို အရှိန်အဟုန်မြင့် အသုံးပြု၍ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေ အဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန် ကျန်အဆောက်အအုံများကို လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ဖြိုချပြီးအပျက်အစီးများအား အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်ရှိ ကင်းဝန်မင်းကြီးကျောင်းတိုက်သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မကျောင်းဆောင်နှင့် သိမ်ကျောင်းနေရာများရှိ ဖြိုချပြီးအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများကိုကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်းကျေးရွာရှိ မဟာသက်ကျရုံသီကျောက်တော်ကြီးမြတ်စွာဘုရားများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စိန်ဖူးတော်များနှင့် ဌာပနာပစ္စည်းများအား သိမ်းဆည်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ အပျက်အစီးများ စတင်ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း၊ ဘုရားပရိဝုဏ်အတွင်း ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မှန်တန်းရပ်ရှိ မဏိဇောတဓမ္မရိပ်သာကျောင်းတိုက်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင်ဆရာတော်ကြီးအား သွားရောက် ဖူးမြော်ကြည်ညို၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို လည်းကောင်း၊ ဦးပွားစေတီတော်မြတ်ကြီးအား ပြန်လည်ပြုပြင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျောင်းတိုက်အတွင်းရှိ သာသနိကအဆောက်အအုံများနှင့် ဘုရားစေတီအပျက်အစီးများအား တပ်မတော်သားစစ်သည်များက အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ် ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ကုလားကျောင်းကျေးရွာအုပ်စုရှိ အရှေ့ရွာနန်းပုဂံကျောင်းတွင် ငလျင်ဒဏ်ကြောင့် ဘုရားစေတီများ ထိခိုက်ပျက်စီးမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်ကိုင်းမြို့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်ရှိ ကျောင်းဆောင်အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေ အဆောက်အအုံများတွင် ဖြိုချပြီးအပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ကျောက်ဆည်မြို့ မြင်စိုင်းမြို့ဟောင်း မြို့ကွက်(ဂ)အတွင်းရှိ နန်းဦးဘုရားပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ငြမ်းဆင်နေမှုအခြေအနေများ၊ ပတ္တာကျေးရွာအုပ်စုရှိ ရွာဦးဘုန်းကြီးကျောင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ အမှတ်(၆)အခြေခံမူလတန်းကျောင်း၌ G-1 နှင့် G-2 ကျောင်းသား ကျောင်းသူများအား ROTARY CLUB အဖွဲ့မှ စာရေးကိရိယာများ ပေးအပ်နေမှုအခြေအနေကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သထုံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

သထုံ ဇွန် ၁၂

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ယနေ့နံနက်ပိုင်းက ရွှေချောင်းအခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးသက်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကိုရွေးချယ်ဖတ်ရှုကြကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်သည်။ **ခရိုင်(ပြန်/ဆက်)**



# အိန္ဒိယနိုင်ငံ၌ လူ ၂၄၂ ဦးလိုက်ပါသည့် ဘိုးရင်း ၇၈၇-၈ လေယာဉ်တစ်စင်းပျက်ကျ

## ယာဉ်ပေါ်လိုက်ပါသူအားလုံး အသက်ရှင်ကျန်ရစ်သူမရှိဟု ဒေသဆိုင်ရာမီဒီယာများ ဖော်ပြ

**နယူးဒေလီ ဇွန် ၁၂**

ယာဉ်ပေါ်၌ လေယာဉ်မှူးနှစ်ဦးနှင့် လေယာဉ်အမှုထမ်း ၁၀ ဦးအပါအဝင် လူ ၂၄၂ ဦး လိုက်ပါပြီး လန်ဒန်သို့ ပျံသန်းသည့် အဲအိန္ဒိယလေယာဉ်တစ်စင်းသည် ဇွန် ၁၂ ရက်တွင် အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်အနောက်ပိုင်း လေဆိပ်တစ်ခုမှ ပျံတက်ပြီး မကြာမီ ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

လေယာဉ်ပျက်ကျမှုကြောင့် လူအများအပြား အသက်ဆုံးရှုံးခဲ့ရကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ လေယာဉ်သည် ဂူဂျာရတ်ပြည်နယ် ဂန်ဒီနာဂါမြို့၏ တောင်ဘက် ၁၇ ကီလိုမီတာခန့်အကွာ အမီဒါဘတ်မြို့ ဆာဒါဗလာဘီဘက်ပက်တယ် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခြင်းဖြစ်ကြောင်း သိရသည်။

ဘိုးရင်း ၇၈၇-၈ လေယာဉ်သည် ဒေသစံတော်ချိန် ၁၃ နာရီ ၃၈ မိနစ်က အမီဒါဘတ်မြို့မှ ထွက်ခွာခြင်းဖြစ်ပြီး လေယာဉ်အမှုထမ်းများနှင့် ခရီးသည် ၂၄၂ ဦး တင်ဆောင်လာကြောင်း အဲအိန္ဒိယလေကြောင်းလိုင်းက ထုတ်ပြန်ထားသည်။ လေယာဉ်ပေါ်လိုက်ပါသူများအနက် အိန္ဒိယနိုင်ငံသား ၁၆၉ ဦး၊ ဗြိတိန်နိုင်ငံသား ၅၃ ဦး၊ ကနေဒါနိုင်ငံသားတစ်ဦးနှင့် ပေါ်တူဂီနိုင်ငံသား ခုနစ်ဦးတို့ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းက ပြောကြားသည်။

အဲအိန္ဒိယလေကြောင်းလိုင်းက ယခုလိုဆိုးရွားသည့် ဖြစ်ရပ်များကြောင့် ထိခိုက်နစ်နာသူအားလုံး၏ မိသားစုများအတွက် ဝမ်းနည်းကြောင်း ဖော်ပြခဲ့သည်။

အဆိုပါလေယာဉ်သည် ဆရာဝန်များ၏ တည်းခိုဆောင်ပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ လေယာဉ်ပျက်ကျပြီးနောက် ချက်ချင်း အာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အခင်းဖြစ်ပွားရာနေရာသို့ လူနာတင်ယာဉ် နှစ်ဒါဇင်ကျော် စေလွှတ်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။


ဂူဂျာရတ်ပြည်နယ် အမီဒါဘတ်မြို့အနီး၌ လေယာဉ်ပျက်ကျပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

လေယာဉ်ပျက်ကျမှုကြောင့် အသက်ရှင်ကျန်ရစ်သူ မရှိကြောင်း ဒေသဆိုင်ရာမီဒီယာများက ပြောကြားသည်။

ဆင်ဟွာ

## ဆေးကုသမှုခံယူရန် ဂါဇာမှ ကလေး ၁၆ ဦးကို ဂျော်ဒန်နိုင်ငံမှကယ်တင်

**အမ္မန် ဇွန် ၁၂**

ဆေးကုသမှုခံယူရန်အတွက် ဂါဇာဒေသမှ ကလေး ၁၆ ဦးကို ဇွန် ၁၁ ရက်က ဂျော်ဒန်တပ်မတော်၏အကူအညီဖြင့် ဂျော်ဒန်နိုင်ငံရှိ ဆေးရုံသို့ ကယ်ထုတ်ခဲ့သည်ဟု ကြေညာချက်ထုတ်ပြန်ထားသည်။



အဆိုပါ ကလေးငယ်များထဲတွင် ကင်ဆာရောဂါသည်လူနာ ၁၀ ဦး ပါဝင်ကြောင်း သိရသည်။ ကလေးငယ်များနှင့်အတူ မိသားစုဝင် ၄၈ ဦး လိုက်ပါလာကြောင်း သိရသည်။ ကလေးလေးဦးကို တော်ဝင် ဂျော်ဒန်လေတပ် ရဟတ်ယာဉ်ဖြင့် တင်ဆောင်ခဲ့ရကြောင်းနှင့် အဆိုပါ ရဟတ်ယာဉ်ပေါ်တွင် ဆေးဘက်ဆိုင်ရာ အဖွဲ့ဝင်များလည်း ပါဝင်သည်။

ကျန်ကလေး ၁၂ ဦးကိုမူ လူနာတင်ယာဉ်ဖြင့် ခေါ်ဆောင်လာခြင်းဖြစ်သည်။ ကလေးငယ်တစ်ဦးကို ဆော်ဒီအာရေဗျသို့ လွှဲပြောင်းပေးမည်ဖြစ်ပြီး အခြားကလေးများကို နောက်ထပ်ကုသမှုခံယူရန် ယူအေအီးနိုင်ငံသို့ ပို့ဆောင်မည်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ဂျော်ဒန်ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်းကာ အဆိုပါ ကယ်ဆယ်ရေးအစီအစဉ်ကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီလအတွင်း အမေရိကန်သို့ လာရောက်လည်ပတ်စဉ်အတွင်း ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ ၂ က ဆေးကုသမှုပေးနိုင်ရေး ပါလက်စတိုင်း ကလေးငယ် ၂၀၀၀ ကျော်အထိ လက်ခံပေးရန် အဆင်သင့်ဖြစ်နေပြီဟု ပြောကြားခဲ့သည်။ ဂျော်ဒန်နိုင်ငံသည် မတ်လအတွင်းမှစတင်ကာ ကလေးစုစုပေါင်း ၅၇ ဦးနှင့် ဆွေမျိုးသားချင်း ၁၁၃ ဦးကို ဂါဇာမှ ကယ်ထုတ်ခဲ့သည်။

ဆင်ဟွာ

## ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့၏တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူပေါင်း ၅၅၁၀၄ ဦးရှိလာ

**ဂါဇာ ဇွန် ၁၂**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူပေါင်း ၅၅၁၀၄ ဦးရှိပြီဖြစ်ကြောင်း ဂါဇာမှ ကျန်းမာရေး အာဏာပိုင်များက ဇွန် ၁၁ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၂၀ သေဆုံးပြီး ၄၇၄ ဦး ဒဏ်ရာရရှိမှုနှင့်အတူ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစကာ ဟားမားစ်-အစ္စရေးပဋိပက္ခကြောင့် ပါလက်စတိုင်းသေဆုံးသူပေါင်း ၅၅၁၀၄ ဦးနှင့် ဒဏ်ရာရရှိသူပေါင်း ၁၂၇၃၉၄ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အစ္စရေးနှင့် ဟားမားစ်တို့သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလက အီဂျစ်၊ ကာတာနှင့် အမေရိကန်တို့၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိခဲ့သော်လည်း နှစ်လအကြာတွင် ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်မတော်က စစ်ဆင်ရေး ပြန်လည်စတင်ခဲ့သဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ကျိုးပျက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## လာအိုနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှု သတိပေးချက်ထုတ်ပြန်

**ဗီယန်ကျင်း ဇွန် ၁၂**

လာအိုနိုင်ငံ မိုးလေဝသဗျူရိုက နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းနိုင်မှု သတိပေးချက် ထုတ်ပြန်ထားပြီး ပြည်သူများအနေဖြင့် ရေကြီးခြင်းနှင့် မြေပြိုခြင်းများအတွက် ကြိုတင်ပြင်ဆင်ထားရန် တိုက်တွန်းထားသည်။

တိုင်ဖွန်းဝူတစ်သည် တောင်တရုတ်ပင်လယ်ကိုဖြတ်၍ ဗီယက်နမ်ကမ်းရိုးတန်းဘက်သို့ ရွေ့လျားလာသောကြောင့် လာအိုနိုင်ငံတစ်ဝန်းတွင် ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ လေပြင်းတိုက်ခတ်မှုများနှင့်အတူ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးခြင်းနှင့် မြေပြိုခြင်းအန္တရာယ်ကို ဖြစ်ပေါ်စေနိုင်သည်။

လာအိုမြို့တော်ဗီယန်ကျင်းတွင် ရုံဖန်ရံခါ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုနှင့်အတူ မုန်တိုင်းငယ်အဆင့်မှ အလယ်အလတ်အဆင့်အထိ ကြုံတွေ့နိုင်ကြောင်း ခန့်မှန်းထားသည်။

ပြင်းထန်သောရာသီဥတုကြောင့် သစ်ပင်များ၊ ကြော်ငြာဘုတ်များနှင့် ဓာတ်အားပေးတိုင်များ ပြိုလဲနိုင်သောကြောင့် မိုးလေဝသဗျူရိုက ပြည်သူများ၊ ဒေသဆိုင်ရာအာဏာပိုင်များနှင့် အဖွဲ့အစည်းများအားလုံး သတိရှိရှိနေထိုင်ရန် တိုက်တွန်းထားသည်။

ဆင်ဟွာ

## အီရန် - အမေရိကန် (၆) ကြိမ်မြောက် ဆွေးနွေးပွဲ အိုမန်နိုင်ငံ၌ ပြုလုပ်မည်

**မတ်စကတ် ဇွန် ၁၂**

အီရန်နှင့် အမေရိကန်တို့ကြား (၆) ကြိမ်မြောက် သွယ်ဝိုက်သောဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက်၌ အိုမန်နိုင်ငံ မတ်စကတ်မြို့တွင် ပြုလုပ်မည်ဟု အိုမန်နိုင်ငံခြားရေးဝန်ကြီး ဆေယက်ဘာဒါဘင်ဟာမက်ဘင် ဟာမွတ်အယ်ဘူဆာဒီက ဇွန် ၁၂ ရက်တွင် ကြေညာခဲ့သည်။

၎င်း၏ လူမှုကွန်ရက်အကောင့်မှတစ်ဆင့် ကြေညာခဲ့ခြင်းဖြစ်သည်။ အိုမန်နိုင်ငံ၏ ဆောင်ရွက်ပေးမှုဖြင့် အီရန်နှင့် အမေရိကန် ကိုယ်စားလှယ်များသည် အမေရိကန်၏ ပိတ်ဆို့မှုများဖယ်ရှားပေးရေးနှင့် အီရန်နျူကလီးယားအရေးတို့အတွက် ဧပြီလမှစတင်ကာ ငါးကြိမ်တိုင်တိုင် သွယ်ဝိုက်သောဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

သုံးကြိမ်ကို မတ်စကတ်မြို့တွင် ပြုလုပ်ခဲ့ပြီး နှစ်ကြိမ်ကို ရောမမြို့တွင် ပြုလုပ်ခဲ့သည်။ အီရန်သည် နျူကလီးယားသန့်စင်မှုကို အပြီးတိုင်ရပ်ဆိုင်းရမည်ဟု မကြာသေးမီရက်ပိုင်းအတွင်း အမေရိကန်အရာရှိများက တောင်းဆိုခဲ့သည်။

ဆင်ဟွာ

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကူးစက်မှုအန္တရာယ် မြင့်မားသည့် အသက်အုပ်စုကို ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးပေးရန်စီစဉ်

**ဒါကာ ဇွန် ၁၂**

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ပြည်သူများ၏ ကိုဗစ် -၁၉ ရောဂါ ခုခံနိုင်စွမ်း ကျဆင်းလာမှုကို ပြန်လည်မြှင့်တင်ပေးရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်နေသည်ဟု အရာရှိတစ်ဦးက ပြောသည်။

အသက် ၆၀ နှင့်အထက်လူများ၊ ကျန်းမာရေးလုပ်သားများနှင့် နာတာရှည်ရောဂါခံစားနေရသူများကို ကာကွယ်ဆေးထိုးပေးမည့် လှုပ်ရှားမှုပြုလုပ်မည်ဟု ကျန်းမာရေးဝန်ဆောင်မှုများ ညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် အမ်ဒီအဘူဂျက်ဖောက ဇွန် ၁၁ ရက်တွင်ပြောသည်။ ကာကွယ်ဆေးထိုးပေးသည့် လှုပ်ရှားမှုပြုလုပ်ရန် ကျန်းမာရေးဌာန၌ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၇ သန်းရှိသည်ဟု ၎င်းကဆက်ပြောသည်။

အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ကူးစက်မှုပြန်လည်ဖြစ်ပေါ်လာသည့်အချိန် ပြည်သူများအနေဖြင့် မလိုအပ်ဘဲ အဆိုပါနေရာများသို့ ခရီးသွားလာခြင်းမှ ရှောင်ရှားကြရန် အစိုးရက တောင်းဆိုထားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇွန် ၁၀ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၃ ဦးတွေ့ရှိခဲ့ပြီး ဇွန် ၁၁ ရက်တွင်မူ နောက်ထပ်လူနာ ၁၀ ဦး တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ဇွန် ၅ ရက်မှစတင်ကာ ယခုနှစ်အတွင်း ကိုဗစ်-၁၉ ကြောင့် ပထမဦးဆုံး လူသေဆုံးမှုဖြစ်ပေါ်ခဲ့သည်။

ဆင်ဟွာ

## မြစ်ကြီးနားမြို့၊ ကျောက်တန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဝေဠုဝန်ကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။




အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၁၇ ပါးနှင့် ဒေသခံပြည်သူ ၁၃၁ ဦးတို့ကို ကျေးရွာရှိ ပေါ်တော်မူအောင်ဓမ္မရိပ်သာကျောင်းတိုက်၌လည်းကောင်း၊ တွံတေးမြို့နယ် ပဒါန်းရေကျော်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၄၆ ဦးတို့ကို ကျေးရွာရှိ ရေကျော်ကျောင်းတိုက်၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချောင်းရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် ရွှေညောင်မြို့ပေါ်ရပ်ကွက်များ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယနေ့မွန်းလွဲပိုင်းတွင် တာယောချောင်းရေကြီးရေလျှံမှုဖြစ်ပေါ်ကာ ရွှေညောင်မြို့ပေါ်ရှိ ရတနာရပ်ကွက်၊ ရွှေဘုံသာရပ်ကွက်နှင့် မင်္ဂလာရွှေဘိုရပ်ကွက်များ အတွင်းသို့ ချောင်းရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့်နေရာများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ရေဘေးသင့် ပြည်သူများအား ရေဘေးကင်းလွတ်ရာ လှိုင်ဘုံသာရပ်ကွက် ပရိယတ္တိစာသင်တိုက်အတွင်းရှိ ဇေယျာသီရိ ဓမ္မာရုံနှင့် မင်္ဂလာအောင်မြေရပ်ကွက်ရှိ ဒက္ခိဏာရာမဘုန်းတော်ကြီးကျောင်းတိုက်များသို့ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေး အဖွဲ့က ရေဘေးသင့် ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ချောက်မြို့၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ချောက် ဇွန် ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကျောင်းသား ကျောင်းသူများအား One Stop Service ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေးခြင်းနှင့်အတူ UID အချက်အလက်များ ကောက်ယူခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ခြင်းများကို ယနေ့ နံနက်က ချောက်မြို့အ.ထ.က(၃) ကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ပန်းခင်းစီမံချက် အဆင့်(၃)၊ နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိသွယ်မိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် မြို့နယ်ဦးစီးမှူး ဦးဇင်ဘိုဘိုအောင်တို့က




အသက် ၁၆ နှစ်နှင့် အသက် ၁၈ နှစ်ကြား ကျောင်းသား ကျောင်းသူ ၃၅ ဦးကို One Stop Service ဖြင့် နိုင်ငံသား စိစစ်ရေးကတ်များ ပေးအပ်ကာ UID ကောက်ယူခြင်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှု၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## မြောင်းမြခရိုင်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မြောင်းမြ ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က အသိပညာပေး ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ၊ လူငယ်များ စာဖတ်ရှိန်မြင့်မားလာပြီး အသိပညာဗဟုသုတ ကြွယ်ဝလာစေရန်အတွက် ဝန်ထမ်းစာဖတ်ဝိုင်းများ၊ Club များဖြင့် စာဖတ်ဝိုင်း၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

**ဇေယျာ(မြောင်းမြ)**



## ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေး



**နေပြည်တော် ဇွန် ၁၂**

ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ မြန်မာ့သစ်လုပ်ငန်းလေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၂) ကျွန်းတော်ဝင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးဟန်သူက အမှာစကားပြောကြားပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေခြည်ဝင်းမောင်မောင်က ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

**အောင်သူရဦး(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ပခုက္ကူ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိပြည်သူများ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်နားလည်သိရှိပြီး လိုက်နာဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါအသိပညာပေးလုပ်ငန်းကို ပခုက္ကူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုး ဦးဆောင်၍ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်နုနုဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုချိုမာနှင့် ဝန်ထမ်းများပူးပေါင်း၍ ပခုက္ကူမြို့ပေါ်ရပ်ကွက်များနှင့် လူစည်ကားရာနေရာများ၊ လမ်းဆုံလမ်းခွနေရာများ၌ ရေကြီးရေလျှံမှုများမဖြစ်ပွားမီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များ၊ ရေကြီးရေလျှံမှုဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက် လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်/ ရှောင်ရန်အချက်များကို လှည့်လည်အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# တရားမဝင် မီးသွေး၊ Moissanite စိန်၊ ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇွန် ၁၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စိန်ဟုယူဆရသော Moissanite စာတန်းပါ ရောင်စုံကျောက်ပွင့် ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဇွန် ၁၁ ရက်တွင် မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက် ခဲ့ရာ ဇွန် ၁၀ ရက်တွင် မော်လမြိုင်မြို့ မြေနီကုန်းကားဝင်း၊ ရွှေစင်ကြယ်ကားဂိတ်၊ PK ကားဂိတ်နှင့် Universal ကားဂိတ်တို့အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၂၀၀၀) ကိုလည်းကောင်း၊ ဇွန် ၁၁ ရက်တွင် သံလွင်တံတား(မော်လမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၃၅၉၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ ဖမ်းဆီးရမိမှု။

ထို့အတူ ဇွန် ၁၁ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးကျောက်ခဲ (အရွယ်စုံ၊ ဆိုက်စုံ) ၅၆ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၈၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Windom တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ ရှောင်လမ်း ကျိုင်းဖောင်းကျေးရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၅၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၃၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ် တောင်ဦးကျေးရွာအနီး၌ တရားမဝင် မီးသွေး ၈ ဒသမ ၅၃၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ဒဂုံမြို့နယ် အမှတ်(၂)လမ်းမကြီးသံလမ်းအနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၁၂၄၆၃၁) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head နှစ်စီး၊ Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၁၂၄၆၃၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့အတူ ဇွန် ၁၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၉ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၈၇ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ဇွန် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၁၃၆၃၈၁၃၁)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။


**သတင်းစဉ်**

---

## ဇွန် ၁၈ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးမည်







**နေပြည်တော် ဇွန် ၁၂**

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**

---

## မင်္ဂလာဒုံမြို့နယ်၌ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး

**မင်္ဂလာဒုံ ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံ (၃)ရုံ၌ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင် တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းမှစ၍ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မင်္ဂလာဒုံခရိုင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြတ်ဖြိုးနှင့် ဦးစီးအရာရှိ (အလုပ်သမားဥပဒေစစ်ဆေးရေး) ဦးမြတ်ထွဋ်ဦးတို့က ကလေးအလုပ်သမားအဓိပ္ပာယ်၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းအဓိပ္ပာယ်၊ ကလေးအလုပ်သမား ဖြစ်ပေါ်စေသည့် အကြောင်းအရာများ၊ မူဝါဒနှင့် ဥပဒေအကြောင်းအရာများ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို မင်္ဂလာဒုံမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ(၃)ရုံ၌ အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**



# တာချီလိတ်မြို့၌ ငွေကျပ်သိန်း ၄၈၀၀ နှင့် လားရှိုးမြို့၌ ငွေကျပ် ၂၇၆ သိန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက်နံနက်ပိုင်းက တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ဆွတ်ဆိုင်ကျေးရွာအနီး ဦးထွန်းအောင်တံတားတွင် သတင်းအရစောင့်ဆိုင်းနေစဉ် အိုက်ရှဲန်ဖူး မောင်းနှင်လာသော TOYOTA CROWN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် (မက်သ်အဖက်တမင်း) ၆၀ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၈၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၄၈၀၀)ဖမ်းဆီးရမိသဖြင့် အိုက်ရှဲန်ဖူး(၃၈)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ လားရှိုးမြို့ ရပ်ကွက်(၃) နယ်မြေ(၁၀) ကြာနီလမ်းပေါ်တွင် တွေ့ရှိသူ သိန်းစိုးအောင်(ခ) အားဝေအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၁၅၀)ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချပေးသူ လားရှိုးမြို့ ရပ်ကွက်(၇) နယ်မြေ(၂၀) ခိုင်ရွှေဝါလမ်းနေ လောဝ်ဝူ(ခ)လီမင်ချိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၈၀၀ (တစ်ပြားလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၁၀၄ သိန်း)နှင့် ပလတ်စတစ်ဆပ်ပြာခွက်များဖြင့် ထည့်ထားသည့် ဘိန်းဖြူ အလေးချိန် ၁၁၀ ဂရမ်(တစ်ဂရမ်လျှင် ၂၀၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၂၂ သိန်း) ဖမ်းဆီးရမိသဖြင့် သိန်းစိုးအောင် (ခ) အားဝေ (၂၉)နှစ်နှင့် လောဝ်ဝူ(ခ) လီမင်ချိန် (၃၆)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**





■ *ကျော့ဖုံးမှ*

၎င်းတို့ လေးဦးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်းကို ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ အောင်ဇော်ဦး ငှားရမ်းနေထိုင်သည့် ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက် ဆွေးနွေးဘုရားလမ်းရှိ နေအိမ်အား ဆက်လက်ရှာဖွေခဲ့ရာ ကျော်ဇင်နှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၄၂ ဒသမ ၈၈၅ သိန်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ သိန်းဌေးနှင့် ၎င်း၏ ဇနီး နန်းခမ်းဖိန်တို့ကို ဇွန် ၆ ရက် ညနေ ၃ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မိုးကြိုးပစ်ကျေးရွာတွင် TOYOTA LAND-CRUISER မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဇွန် ၇ ရက် နံနက် ၉ နာရီတွင် စိုင်းဗညားမြင့်အောင်(ခ)ပီးပီး(ခ) စစ်ကားနှင့် မင်းလွင်ဦးတို့ နှစ်ဦးကို မင်္ဂလာဒုံမြို့နယ် စွယ်တော်စီးတီးအိမ်ရာရှိ ကားပါကင်တွင် Hyundai Grand Starex မော်တော်ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၈ ဒသမ ၁၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၇ ဒသမ ၈၈၅ သိန်း ဖမ်းဆီးရမိခဲ့သည်။


စစ်ဆေးဖော်ထုတ်ချက်များအရ ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ တင်ပို့ရောင်းချသူမှာ ရှမ်းပြည်နယ် ကျေးသီးမြို့နယ် ဝမ်ဟိုင်းနေ ထွန်းစီနှင့်ဇနီး နန်းရွှေရင်(ခ) နန်းမိုင်းခမ်း(ခ) နန်းခမ်းကြာတို့ဖြစ်ပြီး ၎င်းတို့၏အစီအမံဖြင့် ရှမ်းပြည်နယ် ဝမ်ဟိုင်းမှ ပြည်မြို့သို့ သယ်ဆောင်ပြီး ပြည်မြို့တွင် သိန်းဌေးနှင့် အောင်ဇော်ဦးတို့က နေအိမ်ငှားရမ်း သိုလှောင်ထားရှိကာ ရခိုင်ပြည်နယ်သို့ တစ်ဆင့်ပြန်လည် တင်ပို့ပေးခြင်းဖြစ်ကြောင်း၊ အလားတူ မန္တလေးမြို့မှ တစ်ဆင့် ရန်ကုန်မြို့သို့သယ်ဆောင်ပြီး ရန်ကုန်မှတစ်ဆင့် ရခိုင်ပြည်နယ်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မှ စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်ရောင်းဝယ်သူမှာ ထင်ထင်ကျော်(ခ)ရခိုင် ဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခို ဂိုဏ်းအဖွဲ့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**ပြည်မြို့နှင့် ရန်ကုန်မြို့တို့တွင် ရခိုင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်မည့် ငွေကျပ် ၈.၁၈ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၇.၈၈၅ သိန်း ဖမ်းဆီးရမိမှု**




❖ *ကျော့ဖုံးမှ*

အမေရိကန်ဖိုက်တာ ဘရန်ဒန်ရှိုင်ဗယ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ၎င်းအတွက် အရေးပါသည့် ပွဲတစ်ပွဲဖြစ်လာမည်ဖြစ်သည်။ UFC ၏ ဖလိုင်းဝိတ်တန်း အဆင့်သတ်မှတ်ချက်တွင် အဆင့် (၁) နေရာ ရပ်တည်နေသည့် ဘရန်ဒန်ရှိုင်ဗယ်သည် ယခင်က အဆင့် (၆) နေရာတွင် ရပ်တည်နေသည့် ပေါ်တူဂီဖိုက်တာနှင့် ထိုးသတ်ရမည်ဖြစ်ပြီး ပြိုင်ဘက်ကစားသမား ဒဏ်ရာရပြီး နုတ်ထွက်ခဲ့သဖြင့် ဂျိုရှူအာဗန်နှင့် အစားထိုးခဲ့ခြင်းဖြစ်သည်။ ဂျိုရှူအာဗန်သည် မြန်မာစံတော်ချိန် ဇွန် ၈ ရက်က ဘရာဇီးဖိုက်တာ ဘရူနိုဆေးလ်ဗားနှင့် ထိုးသတ်ထားရာ တစ်လအတွင်း နှစ်ပွဲ ထိုးသတ်ရခြင်းဖြစ်ပြီး ယင်းပွဲအနိုင်ရသဖြင့် UFC ဖလိုင်းဝိတ်တန်း အဆင့်သတ်မှတ်ချက်တွင် အဆင့် (၁၀) နေရာ ရောက်ရှိလာသည်။

ဂျိုရှူအာဗန်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ စုစုပေါင်း ၁၆ ပွဲထိုးသတ်ရာတွင် ၁၄ ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး UFC နှင့် ရှစ်ပွဲထိုးသတ်ရာတွင် ခုနစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ဂျိုရှူအာဗန်သည် UFC နှင့် နောက်ဆုံးလေးပွဲဆက်တိုက် အနိုင်ရထားသူဖြစ်သည်။ ဘရန်ဒန်ရှိုင်ဗယ်သည် UFC နှင့် ၁၀ ပွဲ ထိုးသတ်ရာတွင် ခုနစ်ပွဲ အနိုင်ရရှိထားပြီး ပရော်ဖက်ရှင်နယ် MMA ကစားသမားဘဝ ၂၄ ပွဲထိုးသတ်ရာတွင် ၁၇ ပွဲအထိ အနိုင်ရထားသည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-UFC**

❍ *ကျော့ဖုံးမှ*

အဆိုပါ နယ်သာလန်ကစားသမားသည် အိဒ်နေဗ်ရီ၊ ဘက်တီနယ်လီ၊ ချာကီတို့ပြီးနောက် ယခုနွေရာသီတွင် နည်းပြ ဂွါဒီယိုလာခေါ်ယူသည့် စတုတ္ထမြောက် ကစားသမားဖြစ်လာခဲ့သည်။ မန်စီးတီးအသင်းသည် အသက် ၂၆ နှစ်အရွယ် ရှိုင်ဂျင်ဒါစ်ကို အမေရိကန်ပြည်ထောင်စုတွင် ကျင်းပတော့မည့် ကလပ်ကမ္ဘာ့ဖလားမတိုင်မီ အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ကလပ်ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၈ ရက် တွင် ဝါဒက်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

နယ်သာလန်အသင်းအတွက် ၂၃ ပွဲ ပါဝင်ကစားထားသော ရှိုင်ဂျင်ဒါစ်သည် ဇွန် ၁၀ ရက်တွင် နယ်သာလန်အသင်းက မော်လ်တာအသင်းကို ရှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် ပါဝင်ကစားခွင့်မရရှိခဲ့ပေ။ ၎င်းသည် ပြီးခဲ့သည့် ရာသီတွင် အေစီမီလန်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၅၄ ပွဲ ပါဝင်ကစားထားပြီး ၁၅ ဂိုး သွင်းယူပေးထားနိုင်သည်။ ၎င်းသည် စီးရီးအေ၏ တစ်နှစ်တာအကောင်းဆုံး ကွင်းလယ်ကစားသမားအဖြစ်လည်း သတ်မှတ်ခြင်းခံထားရသည်။

**အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**



## မြစ်ကြီးနားမြို့၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်း

**မြစ်ကြီးနား ဇွန် ၁၂**
ပြည်တွင်းအခွန်များ ဦးစီးဌာန ကချင်ပြည်နယ် (မြစ်ကြီးနားမြို့)၏ အခွန်ဆိုင်ရာ ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၀ ရက်က မြစ်ကြီးနားမြို့ စုပေါင်းရုံးရှိ မနော်ရွှေပြည်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ အခွန်ဆိုင်ရာ ပညာပေး ရှင်းလင်းဆွေးနွေးပွဲတွင် ကချင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက အမှာစကား ပြောကြားပြီး လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းနိုင်ဦးက အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်များ၊ အခွန်ဆိုင်ရာတည်ဆဲ ဥပဒေများနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်း ဆွေးနွေးခဲ့ရာ လုပ်ငန်းရှင် စုစုပေါင်း ၉၅ ဦးတက်ရောက်ကြောင်းနှင့် အခွန်ဆိုင်ရာသိကောင်းစရာ လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။ ၂၂၂

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ် (၃၀) ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**တောင်ကြီး ဇွန် ၁၂**
ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ ဇွန် ၁၂ ရက် နံနက် ၉ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ် (၃၀) ပြည့် နှစ်ပတ်လည် အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။



ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းသွေးလှူရှင်များအား အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ရောဂဗေဒ အထူးကုဆရာဝန်ကြီး ဒေါက်တာ သက်ထားဆွေနှင့် ဆရာ ဆရာမများက သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ဆေးခြင်းနှင့် သွေးဖောက်ခြင်းများကို ဆောင်ရွက်ပေးပြီး ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ရှမ်းပြည်နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာဝင်းနိုင်၊ တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်သိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယ ပြည်နယ်ဦးစီးမှူး ဦးဇော်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးလှူရှင်များအား အာဟာရအစားအစာများကို ထောက်ပံ့ပေးအပ်သည်။

**မင်းသန့်(ပြန်/ဆက်)**

## ပဲခူးမြို့၌ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ

**ပဲခူး ဇွန် ၁၂**
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ညောင်အင်းလမ်းဆုံ၌ ယနေ့ နံနက် ၉ နာရီက ၂၀၂၅ ခုနှစ် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ ဆိုင်းဘုတ်စိုက်ထူပွဲနှင့် အသိပညာပေး "သတင်းစကား" လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ရာ ပဲခူးတိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်ဆွေနှင့် တက်ရောက်လာကြသူများက "တိုးတက်မှုများ ထင်ရှားလည်း ပိုမိုဆောင်ရွက်ဖို့ ကြိုးပမ်းမှုအရှိန်အဟုန်မြှင့်တင်စို့" ဆောင်ပုဒ်ပါ ၂၀၂၅ ခုနှစ် ကမ္ဘာ့ကလေး အလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို စုပေါင်းဖွင့်လှစ်ပေးခဲ့ကြပြီး သတင်းစကား လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက တက်ရောက်လာကြသူများနှင့် ဒေသခံပြည်သူများထံ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ကမ္ဘာ့ကလေး အလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ ဆိုင်ရာ အသိပညာပေး ဟောပြော

**မော်လမြိုင် ဇွန် ၁၂**
၂၀၂၅ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကလေး အလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်၊ ခရိုင်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဝင်းရတနာဦးတို့က ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေး ဟောပြောသည်။ **(အပေါ်ပုံ)**

ထို့နောက် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ပြသထားရာ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## သာယာဝတီ၌ ဌာန၏ နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့အကြို စုပေါင်းသွေးလှူဒါန်း

**သာယာဝတီ ဇွန် ၁၂**
၂၀၂၅ ခုနှစ် ဇွန် ၁၅ ရက်တွင် ကျရောက်မည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အကြိုစုပေါင်း သွေးလှူဒါန်းပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက သာယာဝတီခရိုင် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀) ၌ ကျင်းပသည်။



ဦးစွာ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ စုလှိုင်ထွေးက အမှာစကား ပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်ထွဋ်က သွေးလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့အကြို စုပေါင်းသွေးလှူဒါန်းကြမည့်သူများအား ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါ်စုလှိုင်ထွေးနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုဆောင်ရွက်ပေးခြင်း၊ သွေးလှူဒါန်းရန် ကိုက်ညီသူများအား ကျန်းမာရေးဝန်ထမ်းများက သွေးဖောက်ထုတ်မှုပြုလုပ်ပေးခဲ့ပြီး သွေးလှူရှင်များအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ဒလမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇွန် ၁၂**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ၌ ဌာနဆိုင်ရာများနှင့် ဒေသခံများ ပူးပေါင်း၍ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ခနုတ်ကားလမ်းမ လမ်းဘေး ဝဲယာများတွင် ယနေ့ နံနက်ပိုင်းက ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးမှူး ဦးညွှန့်နွယ်က အမှာစကားပြောကြားပြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူ ၂၃၀ တို့ တက်ရောက်သည်။

အခမ်းအနားတွင် ခရိုင်စီမံ အုပ်ချုပ်ရေးမှူးက ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်ထံ ပေးအပ်ပြီး စိုက်ပျိုးပွဲကို ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများနှင့် ဒေသခံများ က ခနုတ်ကားလမ်းမ လမ်းဘေး ဝဲယာများတွင် မန်ကျည်းရွာပျိုးပင် ၁၀၀၀ ကို စိုက်ပျိုးကြောင်း သိရသည်။



**ခင်စန္ဒာမြင့်(ပြန်/ဆက်)**



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ရမည်းသင်းခရိုင်ဦးစီးမှူးရုံး၊ ပျော်ဘွယ်မြို့နယ် ဦးစီးမှူးရုံးနှင့် ရမည်းသင်း မြို့နယ်ဦးစီးမှူးရုံးတို့မှ ဝန်ထမ်းများက ဇွန် ၁၂ ရက်က ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။ ဇော်ဝင်းအောင်

# မြဝတီမြို့ ရေဘေးသင့်ပြည်သူများအား ဆန်အိတ်များ ထောက်ပံ့ပေးအပ်

**မြဝတီ ဇွန် ၁၂**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်ငါးခုမှ ရေဘေးသင့်ပြည်သူများအား ဆန်အိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၏ ဦးဆောင်မှုဖြင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဉာဏ်မြင့်၊ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးတို့က အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ဆန်အိတ် ၅၅၇ အိတ်အား ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၀၆၁ စု၊ လူဦးရေ ၄၁၁၇ ဦးအတွက် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ထောက်ပံ့ဆောင်ရွက်ခြင်းကို မြို့ပေါ်ရပ်ကွက်ငါးခုမှ ရာဂီမုန်တိုင်းကြောင့် ထိခိုက်ဆုံးရှုံးမှုများရှိခဲ့သည့် ရေဘေးသင့်ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မော်လမြိုင်ကျွန်းမြို့နယ်၌ စာအောင်သံဃာတော်များအား စူဠဘွဲ့နှင်းသဘင် ဆက်ကပ်လှူဒါန်း

**မော်လမြိုင်ကျွန်း ဇွန် ၁၂**

၂၀၂၄ ခုနှစ် ပါဠိပထမပြန်၊ နိကာယ်၊ အဘိဓမ္မာစာမေးပွဲတွင် စာအောင်သံဃာတော်များအား စူဠဘွဲ့နှင်းသဘင် ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို မော်လမြိုင်ကျွန်းမြို့ အမှတ် (၄) ရပ်ကွက် အောင်ရိပ်သာလမ်းရှိ ဒေါ်မေမေစိန် သာသနာ့ဗိမာန်တော်၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တအဂ္ဂဝံသထံမှ သီလခံယူဆောက်တည်ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဆက်လက်၍ ၂၀၂၄ ခုနှစ် ပါဠိပထမပြန်၊ နိကာယ်၊ အဘိဓမ္မာစာမေးပွဲဖြေဆိုအောင်မြင်တော်မူကြသော စာအောင်ရဟန်း၊ သာမဏေများနှင့် သီလရှင်များအား အောင်လက်မှတ်နှင့် နဝကမ္မဝတ္ထု အလှူငွေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးလွင်ကိုဦး၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးစိန်၊ အဖွဲ့ဝင် ဗိုလ်မှူးမင်းလွင်နှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။ **ရဲကိုမောင် (ပြန်/ဆက်)**

# ပန်းတနော်မြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ထည့်သွင်း

**ပန်းတနော် ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာအုပ်စုရှိ တောင်သူဦးမြင့်ဦး၏ လယ်မြေ လေးဧကတွင် ယမန်နေ့နံနက်က ယခုနှစ် မိုးစပါးတစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းပွဲကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ပိုက်ဆံလျှော်မြေဩဇာထည့်သွင်းပွဲသို့ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းအောင်သန်း၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ပြီး



သစ်စိမ်းမြေဩဇာထည့်သွင်းခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး လယ်ထွန်စက်ဖြင့် သစ်စိမ်းမြေဩဇာမြေမြှုပ်ထည့်သွင်းခြင်း လက်တွေ့ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်မြို့ ရွှေဟသာ်ဝန်ထမ်းအိမ်ရာ၌ အခြေခံစားသောက်ကုန်များ ရောင်းချပေး

**ပြည် ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ပြည်မြို့ ရွှေဟသာ်ဝန်ထမ်း အိမ်ရာရှိ ဝန်ထမ်းမိသားစုများအား သက်သာသောနှုန်းထားဖြင့် အခြေခံ စားသောက်ကုန်များ သွားရောက် ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြသည်။



ထိုသို့ ရောင်းချပေးခြင်းကို ပြည်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ကာ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဆန်/ဆီ လုပ်ငန်းရှင်များ၊ အသား/ငါးနှင့် ဟင်းသီးဟင်းရွက်များ ကိုယ်တိုင်စိုက်ပျိုး/ထုတ်လုပ်ရောင်းချသူများပူးပေါင်း၍ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်လျက်ရှိကာ အခြေခံစားသောက်ကုန်များနှင့် အသားငါးများ၊ ဒေသထွက် ဟင်းသီးဟင်းရွက်များကို သက်သာသော နှုန်းထားဖြင့် ရောင်းချပေးခဲ့ပြီး တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**မိတ္ထီလာ ဇွန် ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အား ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာခရိုင်နှင့် မြို့နယ်များရှိ ဝန်ထမ်းများမှ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ လှူဒါန်းခဲ့သည်။

မိတ္ထီလာခရိုင်နှင့် မြို့နယ်လေးမြို့နယ်မှ ဝန်ထမ်းများက သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ခြင်းများပြုလုပ်ပြီး သွေးလှူဘဏ်သို့



သွေးလှူဒါန်းကြရာ ဆေးရုံအုပ်ဒေါက်တာကလျာဝင့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး သွေးလှူဒါန်းသည့် ဝန်ထမ်းများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၊ ခရိုင်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းကျော်နှင့် တာဝန်ရှိသူများက ဖြည့်စွက်အာဟာရအဖြစ် ကြက်ဥ၊ နွားနို့နှင့် ငွေကျပ် ၁၀၀၀၀ စီတို့ကို ပေးအပ်ခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကော့သောင်းမြို့၌ သက်သေခံပစ္စည်း ဆာဖြူရစ်အက်စစ်များ မြေမြှုပ်ဖျက်ဆီး

**ကော့သောင်း ဇွန် ၁၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့မရဲစခန်းမှ သက်သေခံပစ္စည်း ဆာဖြူရစ်အက်စစ် ၁၇၅၀ ကီလိုဂရမ်ခန့်အား မြေကျင်းတူး၍ ဒေသတွင်းမြေမြှုပ်ဖျက်ဆီးခြင်းကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့နယ် ဆယ်မိုင်ကျေးရွာအုပ်စုရှိ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ



အမှိုက်စွန့်ပစ်သည့် နေရာအနီးတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကော့သောင်းမြို့မရဲစခန်းမှ သိမ်းဆည်းရမိသော ဆာဖြူရစ်အက်စစ် ပလတ်စတစ်ပုံး ၅၀ ပါ ၁၇၅၀ ကီလိုဂရမ်ခန့်အား အလျား ခုနစ်ပေ၊ အနံ ခုနစ်ပေ၊ အနက် ၁၅ ပေခန့် မြေကျင်းတစ်ကျင်းတူး၍ မြေမြှုပ်ဖျက်ဆီးခြင်းကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ကိုလတ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်၊ ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်၊ ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးခိုင်၊ အမှတ်(၃၄) မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူး နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ဒုတိယရဲမှူးကြီး ခင်နိုင်နှင့် တာဝန်ရှိသူများက မြေမြှုပ်ဖျက်ဆီးမည့် သက်သေခံပစ္စည်း ဆာဖြူရစ်အက်စစ်များအား ကြည့်ရှုစစ်ဆေး၍ မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး၌ ဘောလုံးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန မကွေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် သခင်ဖိုးလှကြီးဒိုင်းအလွတ်တန်းဖိတ်ခေါ်(ရှုံး/ထွက်)ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်တွင် မကွေးတိုင်းဒေသကြီး ဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲဝင်မည့် အသင်းများသည် ဇူလိုင် ၁၀ ရက်တွင် စာရင်းပေးပို့ရမည်ဖြစ်ရာ အသင်းများ ပွဲစဉ်အလိုက် လူပြောင်းလဲမှတ်ပုံတင်ခွင့်ရှိပြီး ကစားသမားတစ်ဦးသည် အသင်းတစ်သင်းကိုသာ ကိုယ်စားပြုကစားခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ဆုကြေးအဖြစ် ပထမဆု ကျပ်သိန်း ၁၀၀၊ ဒုတိယဆု ကျပ် ၇၅ သိန်း၊ ပွဲစဉ်အလိုက်အကောင်းဆုံးဆု (MOM) ကျပ်တစ်သိန်း၊ ဗိုလ်လုပွဲများ အကောင်းဆုံးဆုများငါးဆုကို ကျပ်နှစ်သိန်းစီ ချီးမြှင့်မည်ဖြစ်၍ ပြိုင်ပွဲဝင်မည့် အသင်းများသည် ဖုန်း ၀၉-၄၀၀၄၂၅၆၈၇၊ ၀၉-၅၃၄၁၈၈၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **အာကာစိုး**

ဧရာဝတီမျိုးစေ့

# ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ
# အဲန်ကေ ၆၂၅ ပြောင်းမျိုး အပင်ပေါက်လုပ်ဆောင်မှုများနှင့် ပတ်သက်၍ အသိပေးကြေညာခြင်း

ဧရာဝတီမျိုးစေ့

ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ စပ်မျိုးပြောင်း **NK 625** သည် နှစ်စဉ်နှစ်တိုင်း အပင်ပေါက်ရာခိုင်နှုန်း ပျမ်းမျှ ၉၅% သို့မဟုတ် ၉၅%ထက်မြင့်မားမှုရှိပြီး တောင်သူများ ယုံကြည်စိတ်ချစွာ စိုက်ပျိုးနေသော ပြောင်းမျိုးဖြစ်ပါသည်။

အထွက်ကောင်းခြင်း၊ အပင်ယိုင်လဲမှုခံနိုင်ရည်မြင့်ခြင်းကြောင့်လည်း တောင်သူများမှ နှစ်စဉ်စိုက်ပျိုးနေသောမျိုးဖြစ်ပြီး ဧရာဝတီမျိုးစေ့ကုမ္ပဏီသည် တောင်သူများလက်ဝယ်သို့ ရာသီအချိန်မီ ဖြန့်ဖြူးနိုင်ရန် အမြဲတမ်းကြိုးပမ်းနေပါသည်။

သို့ရာတွင် လွန်ခဲ့သောနှစ် ပြောင်းမျိုးစေ့များတင်သွင်းရာ၌ အချို့သောကြန့်ကြာမှုများကြောင့် အနည်းငယ်သော **NK 625 5kg (Thailand)** မျိုးစေ့များတွင် အပင်ပေါက် သက်ရောက်မှုများ ရှိခဲ့ပြီး သတ်မှတ်ထားသော အပင်ပေါက်ရာခိုင်နှုန်းစံချိန်အောက်ရှိခဲ့ကြောင်း သိရှိခဲ့ရသဖြင့် အောက်ပါဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ပါသည်–

- မျိုးစေ့အထုပ်ပေါင်း ၂၅၀ ကျော်မှ မျိုးစေ့များကို ဓာတ်ခွဲခန်းနှင့် ကွင်းစမ်းသပ်မှုများ ပြုလုပ်ခဲ့ပါသည်။
- အများစုမှာ နိုင်ငံတော်မှသတ်မှတ်ထားသော အပင်ပေါက်ရာခိုင်နှုန်းဖြစ်သည့် ၈၅% အထက်ရှိကြောင်း တွေ့ရှိရပါသည်။
- အပင်ပေါက်ရာခိုင်နှုန်း စံချိန်မပြည့်မီသော အောက်ပါမျိုးစေ့အထုပ် (သို့) **Lots** ၉ ခုအား ချက်ချင်းပြန်လည်သိမ်းယူခဲ့ပြီး အပင်ပေါက်ကောင်းသော မျိုးအိတ်များဖြင့် လဲလှယ်ပေးခဲ့ပါသည်။
  **NK 625 – 18864541, 18864542, 18864545, 18864547, 18890440, 18855778, 18855781, 18855782, 18916923**
- တောင်သူများ ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်အတွက် ကိုယ်စားလှယ်များမှတစ်ဆင့် ငွေအပြည့်ပြန်အမ်းခြင်းနှင့် မျိုးစေ့အိတ်များ အစားထိုးလဲလှယ်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။
- လွန်ခဲ့သော(၂)လအတွင်း ကျွန်တော်တို့၏ ကွင်းဆင်းအဖွဲ့များသည် နိုင်ငံတစ်ဝန်းရှိ တောင်သူ ၃၀၀၀ ကျော်၊ မျိုးစေ့ဖြန့်ဖြူးသူ(၃၀)ကျော်နှင့် ကိုယ်တိုင်တွေ့ဆုံကာ ဖြစ်ပေါ်လျက်ရှိသော ကိစ္စအတွက် စိတ်ကျေနပ်မှုရရှိစေရန် ဆောင်ရွက်ခဲ့ပါသည်။
- ကျွန်တော်များအနေဖြင့် ယခုကိစ္စရပ်နှင့်ပတ်သက်ပြီး ဖြန့်ဖြူးထားသောမျိုးစေ့များအတွက် အပြည့်အဝဖြေရှင်းနေပါကြောင်းကိုလည်း အသိပေးပါသည်။

မိမိတွင်ရှိသော**NK 625 5kg** မျိုးစေ့ထုပ်များကို ပြန်လည်ပေးအပ်လိုပါက ဝယ်ယူခဲ့သောဆိုင်မှတစ်ဆင့် (သို့မဟုတ်) ကုမ္ပဏီထံသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ ၅ကီလို တစ်အိတ်လျှင် = ၁၆၅,၀၀၀ ကျပ် အပြည့်အဝပြန်လည်ပေးအပ်သွားပါမည်။ မိမိစိုက်ပျိုးထားရှိသည့်မျိုးစေ့များ၏ အပင်ပေါက်နှုန်းနှင့်စပ်လျဉ်း၍ အကြံဉာဏ်ရယူဆွေးနွေးလိုပါကလည်း ကိုယ်စားလှယ်ဆိုင်မှ တစ်ဆင့်ဖြစ်စေ၊ ကုမ္ပဏီထံသို့ဖြစ်စေ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

တောင်သူများအနေဖြင့် မိမိတို့ဝယ်ယူခဲ့သော ပြောင်းမျိုးစေ့ဈေးနှုန်းနှင့် ကုမ္ပဏီမှပြန်လည်ဝယ်ယူသော ၁၆၅,၀၀၀ ကျပ်ကြား ကွာဟမှုတစ်စုံတစ်ရာရှိပါက မိမိဝယ်ယူခဲ့သော ဆိုင်များတွင် ညှိနှိုင်းဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

- နီးစပ်ရာကိုယ်စားလှယ်ဆိုင်
- ရှမ်း(တောင်) : ၀၉-၇၅၀၂၁၁၆၈၇
- ရှမ်း(မြောက်) : ၀၉-၇၅၀၂၁၁၆၈၈
- info@ayeyarwaddyseeds.com

ယခုကိစ္စရပ်ဖြစ်စဉ်တစ်လျှောက်လုံးတွင် နားလည်မှု၊ ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ကိုယ်စားလှယ်များနှင့် တောင်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာ့သြဘာလုပ်ငန်းစု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဧရာဝတီမျိုးစေ့ကုမ္ပဏီအနေဖြင့် ပွင့်လင်းမြင်သာမှုနှင့်အတူ ကောင်းမွန်သော အရည်အသွေးများဖြင့် မြန်မာ့စိုက်ပျိုးရေးအသိုက်အဝန်း ရေရှည်အောင်မြင်မှုအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ယုံကြည်ရသောမျိုးစေ့၊ ထက်မြက်သောစွမ်းဆောင်ရည်**


## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အလက(ဝါခရူ) Grade–8 မှ (ဘ)ဦးသိန်းဦး၏ သမီး မအိနန္ဒာမွန်၏ ဖခင်အမည်မှန်မှာ ဦးမဲလေး ၁၀/မဒန(နိုင်)၂၉၅၄၀၆ ဖြစ်ပါကြောင်း။

**ဦးမဲလေး**

## အမည်ပြောင်း

ဦးဟိန်းဝဏ္ဏ၏သား၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ NBLC ကိုယ်ပိုင်အထက်တန်းကျောင်း Grade–6 မှ မောင်နန္ဒကိုကိုအား မောင်ထိုက်တန်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထိုက်တန်အောင်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅/သာဇီအနောက်၊ ဦးပိုင်အမှတ် (၉၁ᵃ)၊ ဧရိယာ(၀.၀၄၇)ဧကရှိ ဦးကျော်လွင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်မျိုးမြင့်စိန် ၉/ပမန(နိုင်)၀၀၇၃၄၇(ပါ)၄–ဦးတို့မှ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၁၆၀/၁၉၉၆)၊ ပေးကမ်းခြင်း စာချုပ်အမှတ်(၃၄/၂၀၁၁)၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

## အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 13U/8174 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## မိခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့နယ်၊ အထက(နမ့်တော)ကျောင်း G–10မှ မောင်ဟိန်းထက်အောင် ၏မိခင်အမည်မှန်မှာ ဒေါ်ခင်သန်းနွယ် ၈/ဂဂန(နိုင်)၀၅၄၇၆၅ ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၈–၉–၂၀၀၇ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အထက နမ့်တောကျောင်း G–10 မှ မအေးတင်ဇာအောင် ၊ G–7မှ မယုသန္တာတင်နှင့် ပထမနှစ် (မြန်မာစာ)မှ မယွန်းနဒီဦးတို့၏ မိခင်အမည်မှန်မှာ ဒေါ်ခင်သန်းနွယ် ၈/ဂဂန(နိုင်) ၀၅၄၇၆၅ ဖြစ်ပါကြောင်း။

## အမည်မှန်

သရက်ချောင်းမြို့နယ်၊ ရေပူကျေးရွာနေ ဦးလှဦး–ဒေါ်သန်းမြင့်တို့၏သား မောင်ဘိုဖြူ ၆/သရခ(နိုင်)၁၂၃၇၂၇၏ အမည်မှန်မှာ မောင်ရောဦး ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/7537, SUZUKI SMASH 112 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော်မြင့် ၇/ရတန(နိုင်) ၀၇၁၂၃၃ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/66457, Honda PCX 160, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သန်း ၁၄/မမန(နိုင်)၁၃၄၁၂၉ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 50W/46791, Dayang 110, M/C အမည်ပေါက် ဦးစောဘောလ်တန်ကြီး ၁၄/ပသန(နိုင်)၁၈၀၇၈၅မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ အမှတ်-(၁)ရပ်ကွက်၊ ၁၉၉၅–မြင်(အကျော်ကြီးမြင်ကွင်း)၊ ဦးပိုင်အမှတ်-၃၀၊ ဧရိယာ-၆.၉၄ ဧကအကျယ်အဝန်းရှိ လ/ယ ၃၀(စ) ရပြီး ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန်မြေကွက်အနက်မှ မခွဲစိတ်ရသေးသော မြောက်ဘက်ခြမ်း၊ ဧရိယာ-၁.၈၀ ဧကခန့်ရှိမြေကွက်နှင့် ဦးပိုင်အမှတ်-၃၁၊ ဧရိယာ-၈.၉၆ ဧကအကျယ်အဝန်းရှိ လ/ယ ၃၀(စ) ရပြီး ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန်မြေကွက်အနက်မှ မခွဲစိတ်ရသေးသော အရှေ့မြောက်ဘက်ခြမ်း၊ ဧရိယာ-၂.၆၅ ဧကခန့်ရှိ မြေကွက်တို့ကို အမည်ပေါက်သူ ဦးအေးချစ်(၁၂/မဘန(နိုင်)၀၀၂၁၄၀)နှင့် ဒေါ်နီနီညွန့် (၁၂/အစန(နိုင်)၀၉၄ရရ၁)တို့ထံမှဝယ်ယူ၍ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်–၂၀၂၉၁/၂၀၂၃ ကိုရယူထားသည့် ဦးဝင်းအောင်(၁၂/မဓတ(နိုင်)၀၂၈ရ၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါ ဟိုတယ်မြေကွက်(၂)ကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂ ၀၉-၅၅၀-၆၅၅၆

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/84429, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါခိုင် ၁၄/ငပတ(နိုင်)၁၄၄၀၇၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/6860,KIA BONGO III, Truck ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်အောင် ၁၄/ကပန(နိုင်)၁၁၇၃၆၄က ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## အများသိစေရန် ကြေညာခြင်း

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ် (၇) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၅၁၇၊ ဝက်ကြီးအင်းအရှေ့)၊ မြေကွက်အမှတ်(၈၈/၃၅၇)၊ မြေဧရိယာ (၀.၁၈)ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဒေါ်သန်းညွန့် ၉/ညဥန(နိုင်)၀၉၇၂၂၀ အမည်ဖြင့် မြေငှားဂရန်(အသစ်) ခွင့်ပြုချထားပေးနိုင်ပါရန် ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်ဦးခရိုင်၊ ညောင်ဦးမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (ရန်ကုန်သစ်)၊ မြေကွက်အမှတ် (၂၃၀)၊ မြေငှားစာချုပ်အမှတ် (သဃက/ ဂရသ–၁၈၃/ ၂၀၁၄ အမည်ပေါက် ဒေါ်ညိုညိုအောင် ၏ မြေကွက်၊ ဘုရင့်နောင်(၁၄) လမ်း၊ အမှတ် (၂) မြေကွက်ပေါ်ရှိ (၅) ထပ်တိုက်၏ (၃၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိ တတိယအထပ်နှင့် ယင်းတတိယအထပ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ညိုညိုအောင် ၁၂/ကမတ(နိုင်)၀၃၉၉၆၁ မှ ပိုင်ဆိုင်ကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမြင့်သွင် (တရားလွှတ်တော်ရှေ့နေ) စဉ်– ၅၃၂၂
ရုံး– အခန်း (၃)၊ (၁၂) လွှာ၊ တိုက်(F)၊ ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၀၉–၂၀၁၄၇၆၇

# စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
# (၈ / ၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-158(25-26)CAP | Online UPS (2) Items | Ks |
| (၂) | DMP/L-159(25-26) | Lubricant Oil and Grease (5)Items | Ks |
| (၃) | DMP/L-160(25-26) | Transformer Oil (34) Drums | Ks |
| (၄) | DMP/L-161(25-26) | Accessories for Drawwork and Catwork of XJ-350 Drilling Rig (8) Items | Ks |
| (၅) | DMP/L-004(25-26)CAP (Retender) | Oil Fluoroscope and Stepdown Transformer (3) Nos | Ks |
| (၆) | DMP/L-041(25-26)CAP (Retender) | Plunger Pump with Motor for Water Injection (1) Set | Ks |
| (၇) | DMP/L-046(25-26)CAP (Retender) | ICDD PDF-2 Software (1) No | Ks |
| (၈) | DMP/L-048(25-26) (Retender) | Accessories for GM Engine (3) Groups | Ks |
| (၉) | DMP/L-057(25-26) (Retender) | Electrical Materials for ZJ 70L SR-I Drilling Rig (3) Items | Ks |
| (၁၀) | DMP/L-063(25-26) (Retender) | Accessories for Liugong and Kato Crane (2) Groups | Ks |
| (၁၁) | DMP/L-085(25-26)CAP (Retender) | Welding Electrode (5) Tons | Ks |
| (၁၂) | DMP/L-086(25-26)CAP (Retender) | Infrared Detector CO-CaF2 (1) No | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၁၂-၆-၂၀၂၅** ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂၆-၆-၂၀၂၅ ရက်နေ့ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း၊ ၀၉၂၅၄၀၇၈၀၇၈/၀၉၄၄၈၅၃၉၄၀၂**

---

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက (ခွဲ) ရွာတန်း Grade-10 တွင် ပညာသင်ကြားနေသော မချစ်ဦးမေ၏ ဖခင်အမည် မှန်မှာ ဦးနေမျိုးထွန်း (၉/ဝတန(နိုင်)၁၉၇၁၁၈) ဖြစ်ပါကြောင်း။

**ဦးနေမျိုးထွန်း**

---

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် UHA ကိုယ်ပိုင်အထက်တန်းကျောင်း Grade-4 မှ မောင်လင်းမြတ်သုတ၏ ဖခင်အမည်မှန်မှာ ဦးရဲအောင်တင့် ဖြစ်ပါကြောင်း။

**ဦးရဲအောင်တင့်**

---

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ အလက (မိုးနှံကုန်း)ကျောင်းမှ မလဝန်းဖြူ(G-8)၊ မောင်နေသူဝင်း (G-7)၊ မောင်နေသူရိန် (G-4)တို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၉/ပဘန(နိုင်)၁၆၂၃၃ ဖြစ်ပါကြောင်း။

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၆-၂၀၂၅ရက်ထုတ်ဤသတင်းစာ စာ-၂၇ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝေမိုးသူ၊ အထက်တန်းရှေ့နေ ဦးဝင်းထက်ဦးတို့၏ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာတွင် အလျား (၃၀)ပေx အနံ(၅၀)အစား အလျား (၃၈)ပေx အနံ(၅၈)ပေ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 83W/1849 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး၊ ဟင်္သာတမြို့**

---

## တံဆိပ်အမည်အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ လက်ပံခြေပေါ်ကျေးရွာနေ ဒေါ်မြတ်မြတ်ညို (ဘ)ဦးဘိုလှဝင်း ၉/ညဥန(နိုင်)၁၈၂၇၄၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ လက်ပံခြေပေါ်ကျေးရွာနေ ဒေါ်မြတ်မြတ်ညို (ဘ)ဦးဘိုလှဝင်း၊ ၉/ညဥန(နိုင်)၁၈၂၇၄၅ က **"ရွှေဝတ်မှုံ" "ရွှေကေရာဇ်" "မြတ်သဇင်"** တံဆိပ်အမည် အမှတ်အသား (၃)ခုအနက်မှ (၁)ခုဖြင့် သောက်ရေသန့်လုပ်ငန်း ထုတ်လုပ်ဖြန့်ချိရောင်းချလုပ်ကိုင်ဆောင်ရွက်သွားရန်အတွက် အဆိုပါ တံဆိပ်အမည်အမှတ်အသားများအနက်မှ (၁)ခုအား သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် အဆိုပါတံဆိပ်အမည်အမှတ်အသားများနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်တွင် ကန့်ကွက်ခြင်းမပြုပါက ထုတ်လုပ်ရောင်းချရန်အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတွင် လိုင်စင်တင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်မြတ်ညို၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၇၂) (၁၆-၁၁-၂၀၁၇)**
**ရွှေသိမ်တော်(၄)လမ်း၊ အမှတ်(၁၄)ရပ်ကွက် ပခုက္ကူမြို့၊**
**ဖုန်း-၀၉-၄၀၁၆၇၁၁၁၀**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်သြဘာလမ်း၊ မြေတိုင်းရပ်ကွက်(ကြီးပွားရေး/တောင်)၊ မြေကွက်အမှတ်(၃၃၆/ခ)၊ အကျယ်အဝန်း စတုရန်းပေ(၁၂၀၀)၊ ဒေါ်စန်းစန်းအေး၏အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်စန်းစန်းအေး ၁၂/ဘအန(နိုင်)၅၂၉၀၁၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းမြတ်သူနှင့် ဒေါ်တင်အေးနွယ်တို့က ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်လင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၄၄)**
**ဖုန်း-၀၉-၉၈၆၂၅၂၄၁၇၊ ၀၉-၄၀၀၄၆၂၅၁၈**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ဆဆ-၆၊ ဦးပိုင်အမှတ် ၁၂-ခ/၅၄x၅၅ ကြား၊ ၁၀၆x၁၀၇ လမ်းကြားရှိ ဒေါ်ခင်လှလှ(ခ)ပေါ်လီမင်း၊ ဒေါ်ခင်ညိုညို၊ ဒေါ်ခင်ချိုချို၊ ဦးမင်းသိဏ်းထွဋ်တို့(၄) ဦးအမည်ပေါက် ဂရန်မြေကွက်အား ဒေါ်ခင်လှလှ(ခ)ပေါ်လီမင်း (အပျိုဘဝ)၊ ခင်ပွန်း ဦးမင်းသိဏ်းထွဋ်တို့ ကွယ်လွန်၍ ကျန်ရစ်သူ ဇနီးနှင့် ကျန်ပူးတွဲအမည်ပေါက်သူများဖြစ်ကြသော ဒေါ်ခင်ညိုညို ၁၂/ဒဂန(နိုင်)၀၁၉၂၇၊ ဒေါ်သန်းသန်းထွေး ၉/မနတ(နိုင်)၀၇၈၂၄၈၊ ဒေါ်ခင်ချိုချို ၉/မနတ(နိုင်)၀၇၈၂၅၀တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
### မရမ်းကုန်းခရိုင်တရားရုံးတော်
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် -၆၀ ဆက်နွှယ်သည့်
### ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၂၆

ဒေါ်ခင်နှင်းစိုး နှင့် ၁။ ဒေါ်အေးကြည်
၂။ ဦးကျော်ဆွေ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ် (၁၈၄)၊ မြမေတ္တာ(၁)လမ်း၊ (၁၂၅)ရပ်ကွက်နေ (၁)တရားရှုံး ဒေါ်အေးကြည် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၀ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ် ၊ ဇွန်လ ၂၆ရက် (၁၃၈၇ခုနှစ်၊ ဝါဆိုလဆန်း ၂ရက်) မွန်းမတည့်မီ(၁၀:၃၀)နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညီညီထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ ငထွေးရှူးလမ်း၊ မြေကွက်အမှတ် (၉၇၉/က)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ပါမစ် မြေကွက်သည် ဦးမိုးကျော်သူ (BHN-၀၀၉၃၈၇) အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်အား အရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့် လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ဝင်းမြင့် (၁၂/ဗဟန(နိုင်)၀၆၈၆၅၇) မှ မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးငြိမ်းချမ်းအောင်(၁၄/ဘကလ(နိုင်)၂၃၆၆၇၉)နှင့် ဒေါ်ခိုင်သူသူစိုး (၁၄/ဖပန(နိုင်)၂၁၅၇၈၉)တို့မှ ဝယ်ယူရန်အတွက် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်စိုးသီတာအေး LL.B,WIPO (Switzerland)**
**အထက်တန်းရှေ့နေ၊ စဉ်-၄၈၁၇၀**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

---

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၇)၊ ကွင်းအမှတ်(၆၆၁/စျေးကုန်းကွင်း)၊ဦးပိုင်အမှတ်(၆၁)၊ မြေယာ အမှတ် (360A)၊ မြေဧရိယာ(၁၃၃မ၆၄)ကေထဲမှ အရှေ့(၆၀)ပေ၊ အနောက်(၆၀)ပေ၊ တောင်(၄၀)ပေ၊ မြောက်(၄၀)ပေ၊ အကွက်အမှတ် (A-6)(လက်ရှိမြေပေါ်ရှိ အတိုင်းအတာ)မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး (အုတ်တံတိုင်း၊ သံပန်းခတ်အပြီးစီး)တို့ကို ဦးဇော်မျိုးအောင် ၅/ခဥတ(နိုင်) ၀၇၉၈၅၀ထံမှ ဒေါ်ဖူးဖူးသန့် ၉/ခအဇ(နိုင်) ၀၁၅၀၁၆က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သောမြေကွက်ဖြစ်ပါသည်။အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဖူးဖူးသန့်**
**၉/ခအဇ(နိုင်) ၀၁၅၀၁၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့**

---

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရွှေအိုး (၂)ရပ်ကွက်၊ အပိုင်း (၂)နေ (ဘ)ဦးညိုကြီး၏သား ကျွန်တော် မောင်အောင်မျိုးဦး (၈/တတက(နိုင်) ၁၃၈၆၆၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MI-181699)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၉၄၃၅၃၈၆

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/81758, DAYANG 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၁၄/မမန(နိုင်) ၁၉၀၀၆၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/9458, TOYOTA BELTA SCP 92, Saloon (4x2)R Gray ယာဉ်လက်ဝယ်ရှိသူ ဦးရှင်းသန့် ၇/ပတန(နိုင်) ၁၃၇၀၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

---


ညအိပ်ထွက်ရန် အဆင်မပြေသူများ၊
အချိန်ပြည့်အားမထုတ်နိုင်သူများ၊ နည်းစနစ်အခြေခံကောင်း
မရသေးသူများ၊ အိမ်မှာ ပုံမှန်အားထုတ်ရာ၌ နည်းစနစ်အခြေခံ
ရလိုသူများအတွက် အထူးရည်ရွယ်ဖွင့်လှစ်သော
လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်
မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်းတပည့်ကမ္မဋ္ဌာနာစရိယများပြသပေးသော
လယ်တီ-နေ့(၁၀)ရက်၊ အချိန်ပိုင်းတရားစခန်း
ရွှေတိဂုံဘုရား မြောက်ဘက်မုခ်၊ ပခုက္ကူမြွှာရုံမှာ လစဉ် အင်္ဂလိပ်(၁၅)ရက်မှ (၂၄)ရက်ထိ
နေ့လယ် (၁၂:၃၀) မှ (၄:၁၀) နာရီအတွင်း လာရောက်နာယူအားထုတ်နိုင်ပါသည်။
ဆက်သွယ်ရန်-ဆရာဦးစိုးနိုင်(လယ်တီကမ္မဋ္ဌာနာစရိယ) ၀၉-၂၅၈၉၁၄၄၁၃


---

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၂၂)
### မရမ်းကုန်းခရိုင်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၄ ဆက်နွှယ်သည့်
### ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၂၇

ဦးဇော်နိုင်ဝင်း နှင့် ၁။ ဦးသီလှ
၂။ ဒေါ်ခင်ဌေးဝင်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၆၄၉)၊ ပန်းခြံလမ်း၊ (၁၀/၃၄)ရပ်ကွက်နေ (၁) တရားရှုံး ဦးသီလှ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၄ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ၊ ၂၆ ရက်( ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက် ) မွန်းမတည့်မီ (၁၀:၃၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညီညီထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

---

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ကျောက်စံကျေးရွာ အထက Grade-10 မှ မောင်ထက်ဝေလင်းနှင့် အလံပါယ်ကျေးရွာ အမက(မူလွန်) Grade-5မှ မနှင်းဝတီနှင့် Grade-1 မှ မနှင်းရတီတို့၏ ဖခင် ဦးမင်း၏အမည်မှန်မှာ ဦးကိုမင်း ၈/မဘန(နိုင်) ၁၁၇၇၄၄ ဖြစ်ပါကြောင်း။ **ဦးကိုမင်း**

---

## အမည်မှန်နှင့် မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့၊ အထက(၁) Grade-7မှ မဖြူဇင်အိ၏ အမည်မှန်မှာ မဖြူစင်အိ ဖြစ်ပါကြောင်းနှင့် မိခင်အမည်မှန်မှာ ဒေါ်ခင်မာထွေး ၁၄/အမန(နိုင်) ၀၉၇၈၉၉ ဖြစ်ပါကြောင်း။

**ဒေါ်ခင်မာထွေး**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ငါးချဉ်ပိုင်း(မူလွန်) ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြ ဆရာမ ဒေါ်မူမူ ၇/သနပ(နိုင်)၀၅၉၉၇၄ ၏ ဖခင် ဦးသိန်းမြင့်(ခ)ဦးပွကြီးနှင့် ဦးသိန်းမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသိန်းမြင့်**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ဈေးပိုင်း(အလကခွဲ) ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြ ဆရာမ ဒေါ်မြင့်မြင့်ဆွေ ၇/သနပ(နိုင်)၀၆၃၃၀၅ ၏ ဖခင် ဦးကျက်ကူနှင့် ဦးကြက်ကူမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးကြက်ကူ**

---

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ တိုက်ပွဲကျေးရွာအုပ်စု၊ တိုက်ပွဲကျေးရွာနေ (ဘ)ဦးမြအောင်၏သား၊ ကျွန်တော် မောင်မျိုးကိုကို (၈/တတက(နိုင်)၂၀၄၀၉၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၅၅၅၅၂၁၁

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနော်မာရပ်ကွက်၊ အနော်မာ(၁)လမ်း(အနောက်)၊ အမှတ်(၄၁/က+ခ)၊ ဒုတိယထပ်(၃)လွှာ၊ (လက်ယာဘက်အခြမ်း)တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းအေး ၁၂/သကတ(နိုင်)၀၀၃၂၃၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးတေဇာလင်း ၁/မကန(နိုင်)၀၉၆၆၃၈ နှင့် ဒေါ်နှင်းပွင့်ဖြူ ၁၂/ဗဟန(နိုင်)၀၈၉၀၂၈တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** **ဒေါ်ခင်စောသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## UE Export Import Company Limited
## (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)
## (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
## အမှတ်(သ-၁၅/၂၄) ၁၁၅ လမ်းနှင့် ၇၄ (A) လမ်းထောင့် ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးတိုင်းဒေသကြီး
## အိတ်ဖွင့်လေလံကြော်ငြာအမှတ် (၀၃ /၂၀၂၅-၂၀၂၆) (၁၃-၆-၂၀၂၅)
## အိတ်ဖွင့်လေလံစနစ်ဖြင့်ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်) (တရားရုံးအမိန့်အရစာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ပိုင် ကျောက်ဆည်မြို့နယ်၊ တောင်တော်ကွင်း၊ ကျားခေါင်းဘိလပ်မြေစက်ရုံအတွင်းရှိ အသုံးပြုထားသည့် Generator၊ Transformer နှင့် Machinery များကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံ စနစ်ဖြင့်ရောင်းချမည်ဖြစ်ပါသည်-

(က) အိတ်ဖွင့် လေလံဖြင့် ရောင်းချမည့်အစီအစဉ်

- အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချမည့် နေ့ရက် - (၄-၇-၂၀၂၅) သောကြာနေ့။
- အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချမည့် အချိန် - နံနက် ၉:၀၀ နာရီ။
- အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချမည့်နေရာ - ကျားခေါင်းလိလပ်မြေစက်ရုံ တောင်တော်ကွင်း၊ကျောက်ဆည်မြို့။

(ခ) အိတ်ဖွင့် လေလံဖြင့် ရောင်းချမည့် ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**Generator (03/01)**

| Sr. | Company | UE G No. | Engine | KVA | Remarks |
|---|---|---|---|---|---|
| 1 | Caterpillar | UE-G001 | C-151 | 500 | Good |
| 2 | Valvo | UE-G002 | TAD1631GE | 500 | Good |
| 3 | Valvo | UE-G003 | TAD1631GE | 500 | Good |
| 4 | Valvo | UE-G004 | TAD1631GE | 500 | Good |
| 5 | Valvo | UE-G005 | TAD1631GE | 500 | Good |
| 6 | Valvo | UE-G006 | TAD1631GE | 500 | Good |
| 7 | Valvo | UE-G007 | TAD1631GE | 500 | Good |
| 8 | Valvo | UE-G008 | TAD1631GE | 500 | Damage |
| 9 | Valvo | UE-G009 | TAD1631GE | 500 | Damage |
| 10 | Caterpillar | UE-G010 | 3512B | 1600 | Good |
| 11 | Cat - Olympia | UE-G011 | GEP-100 | 100 | Good |
| 12 | KEMAGE | UE-G012 | KM-7GF-SKM | 9 | Damage |
| 13 | KOOP | UE-G013 | KDF-8500QQ | 9 | Good |
| 14 | LOCAL | UE-G014 | Generator | 18.75 | Damage |

**Transformer (03/02)**

| Sr. | Description | Load & Power | Remarks |
|---|---|---|---|
| 1 | Power Transformer | TONGBIA SZH-3150/3150 KVA (CHINA) Transformer, on Lod Tap,Serial No 0320 Model Jan 2000,4350 Kg. | Good |
| 2 | Power Transformer | TONGBIA 3 Phase,JB-831-91, 50 Hz,3150 KVA,4400 Kg, Serial No.3472,1999 Dec Model | Damage |
| 3 | Power Transformer | SOE ELECTRONIC, 33 KV, Serial No.171,2001 Model,Mass 5000 Kg. | Damage |
| 4 | Power Transformer | EM-40(TONGHI) CAOYUAN,6.6 KV, 1600 KVA,Serial No.3319,Model 1999 | Good |
| 5 | Power Transformer | EM-39(TONGHI) CAOYUAN,6.6 KV,1600 KVA,Serial No.3320,Model 1999 | Good |

Machinery (03/03)

| Sr. | Make & Model | Model Year | Engine Make | Remarks |
|---|---|---|---|---|
| 1 | LIUGONG WHEEL LOADER | 2013 | CLG 856 | Good |
| 2 | LIUGONG WHEEL LOADER | 2013 | CLG 856 | Damage |
| 3 | CATERPILLAR EXCAVAROR | | 320-C | Good |

